# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၄) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (4-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ- ၁၆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရေးယခင်ကတည်းက **စာမျက်နှာ ၁၈ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အတွက် အားသဖွယ် နိုင်ငံ့သားကောင်းလူငယ်

ကမ္ဘာ့နိုင်ငံများရှိ နိုင်ငံသားတိုင်းသည် မိမိနေထိုင်ရာနိုင်ငံကို ချစ်မြတ်နိုးကြပြီး တခြားနိုင်ငံများနှင့် ယှဉ်လာလျှင် မိမိနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေချင်ကြသည်။ ထိုသို့စိတ်မျိုးရှိရုံဖြင့် နိုင်ငံတော်ကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်မဟုတ်ပေ။ နိုင်ငံသူ၊ နိုင်ငံသားတိုင်းလိုလားတောင့်တသည့် အေးချမ်းသာယာဝပြောပြီးတိုးတက်ကောင်းမွန်သောနိုင်ငံတော်ကြီးဖြစ်စေရေးအတွက် နိုင်ငံအတွင်းတွင်နေထိုင်ကြသော နိုင်ငံသားတိုင်းက တညီတညွတ်တည်း ဝိုင်းဝန်းတည်ဆောက်ကြရန်လိုမည်ဖြစ်ပေသည်။

နိုင်ငံတော်ကြီးပြိုကွဲထိခိုက်မသွားစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများမနှောင့်နှေးစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် နိုင်ငံ၏ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းနေရန်မှာ အရေးကြီးလှပေသည်။ အင်အားတောင့်တင်းခိုင်မာသည့် ကာကွယ်ရေးအင်အားဖြင့်သာ နိုင်ငံတော်နှင့် နိုင်ငံသားများကို ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသောကြောင့် နိုင်ငံ၏ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူနိုင်ငံသားတိုင်းက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရန် လိုအပ်သည်။

ထို့ပြင် နိုင်ငံသားတိုင်း၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းကာကွယ်ရန်လည်းတာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အပြင် ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခြင်းကြောင့် နိုင်ငံသားအားလုံး မဖြစ်မနေတာဝန်ထမ်းဆောင်ရမည်မဟုတ်ဘဲ လိုအပ်သလောက်ကိုသာ အကန့်အသတ်ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပေသည်။

လက်ရှိတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇)ထိဖွင့်လှစ်၍ စစ်ပညာများသင်ကြားပေးလျက်ရှိကာ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ပြီး သင်တန်းဆင်းသွားခဲ့သော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း ကျရာနိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ အရွယ်ရောက်ပြီးလူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားကြခြင်းဖြင့် ၎င်းလူငယ်များ၌ မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ ကိန်းအောင်းလာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ အရည်အချင်းကိုက်ညီသူ နိုင်ငံသားတစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကို တက်ကြွကြည်ဖြူကျေနပ်စွာ ပါဝင်ထမ်းဆောင်နေကြသည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မန္တလေးဈေးကွက်အတွင်း ဒီဇင်ဘာ ၂ ရက်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာ ၂ ရက်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံဘက်မှလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလောပြည်ပမှကုန်သည်များ သကြားဝယ်ယူမှု ပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်လိုအား များပြားလာခြင်းကြောင့် သကြားများအရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေ ထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ သကြားတွေကို အခုလတ်တလော ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့က ဝယ်ယူမှုတွေရှိပါတယ်။ ပြည်တွင်းမန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာ ရှိနေပါတယ်"ဟု သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ သကြား တစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀ ခန့် ပေါက်ဈေးရှိပြီး အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"သကြားက အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန် နည်းပါးသွားတာမျိုးတွေတော့မရှိပါဘူး။ နောက်ပိုင်းဒီထက်ပိုပြီး သကြားအဝယ်ထပ်ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ ရှားသွားနိုင်ပါတယ်"ဟု သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

(၁၈၄)

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၈၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၈၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၇၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၈၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီးစတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက အုန်းသီးအလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေရော ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်ကုန် အုန်းသီးတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အဝယ်လိုက်နေတာကြောင့် အုန်းသီးအရောင်းအဝယ်ကောင်းနေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးနု၊ အုန်းသီးအခွံခွာ၊ အုန်းသီးအခွံပါ အမျိုးမျိုးလုပ်ဆောင်ပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက် အုန်းသီးများဈေးကောင်းလာခြင်း၊ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြစ်သူငယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်းစုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက် (၄၂၀) မာကလာခြံရပ်နေ ဒေါ်ခင်မမ မွေးနေ့အထိမ်းအမှတ်ဖြစ် ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏာက လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၀၂၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၀၂၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၀၃၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၀၂၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ နှမ်း ၄၀၃၅၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၂၄၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဒိုက်ဦးမြို့နယ်၌ စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ဒိုက်ဦး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ချုပ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က ကောလိယခန်းမ၌ ကျင်းပပြုလုပ်ရာ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် မိသားစုအတွက် အပိုဝင်ငွေ ရှာဖွေပေးနိုင်သည်ထိ ကြိုးစားသင်ယူ စေလိုကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဒေသအသီးသီးမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြောင်း၊ စက်ချုပ်နည်းနှင့် ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးတို့က ဒီဇိုင်းဘာသာရပ် ၁၀ မျိုးကို စာတွေ့လက်တွေ့နှစ်မျိုးဖြင့် ဒီဇင်ဘာ ၂ ရက်မှ ၃၁ ရက်ထိ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**

# ဟသ်ာတမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ပဲတီစိမ်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် နိုဝင်ဘာလ တတိယပတ်မှစတင်ပြီး ယနေ့ထိ ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပဲတီစိမ်းများကို ယခုလက်ရှိတွင် ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

''ဒေသထွက်ကုန် ပဲတီစိမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ နိုဝင်ဘာလ တတိယပတ်လောက်ကနေစပြီး သိသိသာသာကို အရောင်းအဝယ် ကောင်းမွန်လာတာဖြစ်ပါတယ်။ လက်ရှိ ဒေသမှာတော့ ပဲတီစိမ်းအသစ်တွေ မပေါ်သေးပါဘူး။ အခုလက်ရှိဟသ်ာတမြို့နယ်မှာ အရောင်းအဝယ်ဖြစ်နေတာကတော့ လက်ကျန် ပဲတီစိမ်းတွေပဲဖြစ်ပါတယ်။''ဟု ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ဟသ်ာတမြို့နယ်မှထွက်ရှိသည့် ပဲတီစိမ်း ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၂၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲတီစိမ်းအပြင် မတ်ပဲ၊ ပဲလွမ်းဖြူ၊ ပြောင်းနှင့် စပါး၊ ဆန်သည့် ဒေသထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ပဲလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံဘုရင် စောလူးမင်းကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**



နဂါးပတ်စေတီကို တွေ့ရစဉ်။

ပုဂံ၏အတိတ်သမိုင်းကိုဖော်ထုတ်ရန် ခိုင်မာသောအထောက်အထားများကို ရှာဖွေကြရာတွင် တူးဖော်တွေ့ရှိမှုများအပြင် ကျောက်စာများကိုလည်း အားကိုးအားထားပြုခဲ့ကြရသည်။ ပုဂံရှေးဟောင်းကျောက်စာများတွင် ရေးထိုးခဲ့သည့်မှတ်တမ်းများကို ဖတ်ရှုကာ ပုဂံခေတ်ကာလ၏ သမိုင်းပုံရိပ်များကို သုံးသပ်ပုံဖော်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့စွယ်စုံကျမ်းတွင် ကျောက်စာများသည် ရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်ကြောင်း ဖော်ပြထားသည်။

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများအနက် နောက်ဆုံးတွေ့ရှိခဲ့သော ကျောက်စာသည် ပုဂံဘုရင် စောလူးမင်းရေးထိုးခဲ့သည့် ကျောက်စာဖြစ်သည်။ ထိုကျောက်စာကို မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပေတောပရဟိတကျောင်းတိုက်အတွင်း၌ တွေ့ရှိခဲ့သည်။ ထိုကျောက်စာသည် ကျောက်စာကိုတွေ့ရှိခဲ့သည့် ကျောင်းတိုက်ကို အစွဲပြုလျက် ပေတောကုန်းကျောက်စာဟုလည်းကောင်း၊ ရေးထိုးသူဘုရင်ကိုအစွဲပြုလျက် စောလူးမင်းကျောက်စာဟုလည်းကောင်း ထင်ရှားခဲ့သည်။

စောလူးမင်းကျောက်စာကို ပေတောပရဟိတကျောင်းတိုက်အတွင်း၌ ကျောက်စာရုံတည်ဆောက်ပြီး ထိန်းသိမ်းပြသထားရာ ကွဲနေသည့် ကျောက်စာပိုင်းများကိုဆက်စပ်ပြီး ကျောက်စာချပ်အဖြစ် ထောင်မတ်ထားရသဖြင့် လဲပြိုမကျစေရန် သံကြိုးများဖြင့် ဆိုင်းထားရသည်။

စောလူးမင်းကျောက်စာကို တွေ့ရှိခဲ့ပြီးနောက် သမိုင်းသုတေသီများက အလွန်စိတ်ဝင်စားခဲ့ကြသဖြင့် ထိုကျောက်စာသည် မြန်မာ့သမိုင်းပညာရပ်နယ်ပယ်တွင် လူသိများထင်ရှားခဲ့သည်။ စောလူးမင်းကျောက်စာကို အက္ခရာပြန်ဆိုခြင်း၊ မြန်မာဘာသာသို့ အဓိပ္ပာယ်ပြန်ဆိုခြင်းများ ဆောင်ရွက်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန (ယခုသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)ကဦးစီး၍ ၂၀၁၃ ခုနှစ်တွင် ပေတောကုန်းကျောက်စာ ဖိုရမ်ကို ကျင်းပခဲ့သည်။

**ပုဂံဘုရင် စောလူးမင်း**

ပုဂံမင်းဆက်တွင် ၄၃ ပါးမြောက် ဘုရင်သည် စောလူးမင်းဖြစ်သည်။စောလူးမင်းသည် စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ပုဂံကို ဦးဆုံးတည်ထောင်ခဲ့သူ အနော်ရထာမင်းကြီး၏ သားတော်ဖြစ်၍ ခမည်းတော် အနော်ရထာနတ်ရွာစံပြီးနောက် ပုဂံထီးနန်းကို ခရစ်နှစ် ၁၀၇၇ ခုနှစ်တွင်ဆက်ခံခဲ့သည်။

စောလူးမင်း၏ ဘွဲ့မည်သည် ဂြိဝဇြာဘရဏတြိဘုပတိဖြစ်၍ ကျက်သရေရှိသော မိုးကြိုးအရှင် သုံးလူ့သခင်ဟု အဓိပ္ပာယ်ရှိသည်။ စောလူးမင်းကို ဝဇြာဘရဏဟုလည်း အတိုကောက်ခေါ်ဆိုကြကာ သက်စိုးတောင်ကျောက်စာတွင် စောလူးမင်း၏အမည်ကို မင်းလုလင်ဟု ရေးထိုးထားသည်။ ပုဂံမြို့ရိုးအပြင်တောင်ဘက်တွင် ပုထိုးသားများဂူဘုရားမှ နှစ်ဖာလုံအကွာတွင် တည်ရှိသည့် မြင်းပြဂူ၌ တွေ့ရှိခဲ့သည့် မြေပုံဘုရား (အုတ်ခွက်ဘုရား) တွင်မူ စောလူးမင်း၏ ဘွဲ့အမည်ကို မဟာရာဇဂြိဝဇြာဘရဏဒေဝဟု နဂရီအက္ခရာဖြင့် ရေးထိုးထားသည်။

စောလူးမင်း၏ ဘွဲ့အမည်ပါရှိသည့် အုတ်ခွက်ဘုရားများကို မန္တလေးတောင်ပြန်နန်းဦးကျောင်း၊ တကောင်းမြို့ ကသာနယ်အတွင်းရှိ ကမ်းသီတာမြို့ဟောင်း၊ မြင်းပြဂူစသည့် နေရာများမှရရှိခဲ့သည်။

ဇာတာတော်ပုံရာဇဝင်ကျမ်းအလိုအရ စောလူးမင်းသည် နန်းသက်ခုနစ်နှစ်အကြာ ၁၀၈၄ ခုနှစ်တွင် ကံကုန်ခဲ့ကာ ထိလိုင်ရှင်(ကျန်စစ်သား)က ပုဂံထီးနန်းကို ဆက်ခံခဲ့သည်။ စောလူးမင်းလက်ထက်တွင် ငရမန်ပုန်ကန်မှုဖြစ်ပွားခဲ့သဖြင့် စောလူးမင်းသည် ပုန်ကန်မှုကိုနှိမ်နင်းစဉ် ငရမန်၏ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး အနုရာဓအရပ်တွင် ကွပ်မျက်ခံရကာ ကံကုန်ခဲ့သည်။

စောလူးမင်းလက်ထက်တွင် မြင်းပြဂူ၊ တောင်ဘီ(မွန်)ဂူနှင့် ပုထိုးသားများဟူသည့် ဂူဘုရားသုံးဆူကို တည်ခဲ့သည်။ ပုထိုးသားများဂူဘုရားကို စောရဟန်းမင်းတည်ခဲ့သည်ဟုဆိုကြသော်လည်း ဂူဘုရားအတွင်း၌ တွေ့မြင်ရသည့် နံရံဆေးဇာတကပန်းချီများနှင့် စာများအရ ခရစ်နှစ် ၁၀၈၀ ပြည့်နှစ်ဝန်းကျင်တွင် စောလူးမင်းလက်ထက်က တည်ခြင်းဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပုဂံဆက်စာအုပ်တွင် သုံးသပ်ရေးသားခဲ့သည်။

စောလူးမင်း၏ အလှူမှတ်တမ်းများသည် များစွာထင်ရှားခြင်းမရှိခဲ့သော်လည်း နောက်ဆုံးတွေ့ရှိခဲ့သည့် ကျောက်စာတွင် မင်းကြီး၏အလှူမှတ်တမ်းတစ်ခုကိုရေးထိုးထားသည်။ မှတ်တမ်းအရ စောလူးမင်းသည် ရှေးက ဘိုးတော်တို့၏အလှူကိုဆက်၍ ရွှေဆင်းတု နှစ်ဆူ၊ ငွေဆင်းတု နှစ်ဆူ၊ မင်းကြီးကိုယ်လုံးတော်နှင့် အရွယ်တူဆင်းတု တစ်ဆူ၊ ဆွမ်းတော်တင်၊ ကချေသည်၊ လှည်း ၁၀ စီး၊ နွား ၁၀ ရှဉ်း၊ လယ်ယာမြေပယ် ၁၀၀ နှင့် စပါးတင်း ၁၀၀၀ ကို လှူဒါန်းကြောင်း ကျောက်စာရေးထိုးခဲ့သည်။

**အနော်ရထာ၊ စောလူးနှင့် မြစ်သား**

မြစ်သားသည် ပုဂံဘုရင် အနော်ရထာထူထောင်ခဲ့သည့် လယ်တွင်း ၁၁ ခရိုင်တွင် မ္လစ်သာခရိုန်အမည်ဖြင့် ထင်ရှားခဲ့သည့် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည်။ ကုန်းဘောင်ခေတ်၊ ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် ဇော်ဂျီခရိုင်ရှိ မြောင်လှ၊ မြင်းခုန်တိုင်၊ ပနန်း၊ မြင်စိုး၊ မက္ခရာနှင့် ပန်းလောင်ခရိုင်ရှိ စောလှ၊ ပင်လယ်၊ မြစ်သား၊ ပြည်မနားတို့ကိုပေါင်း၍ လယ်တွင်းကိုးခရိုင်ဟု ဖွဲ့စည်းခဲ့သည်။

ပုဂံခေတ်တွင် မြန်မာနိုင်ငံ၏စပါးကျီဖြစ်ခဲ့သည့် ကျောက်ဆည်လွင်ပြင်သည် စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်နှင့်ဒုဋ္ဌဝတီမြစ်တို့ ဖြတ်သန်းစီးဆင်းနေသည့်နေရာဖြစ်ကာ လယ်တွင်း ၁၁ ခရိုင်ဟုထင်ရှားခဲ့သည်။ လယ်တွင်း ၁၁ ခရိုင်ကို ကျောက်ဆည်မြို့နယ်ရှိ ပနန်၊ တမုတ်၊ မြင်းခုံတိုင်၊ ရွာမုန်းနှင့်သင်တောင်း၊ မြစ်သားမြို့နယ်ရှိ ပင်လယ်၊ ပြည်မနားနှင့် မြစ်သာ၊ စဥ့်ကိုင်မြို့နယ်ရှိ မက္ခရာ၊ တပြက်သာနှင့် ခံလူးဟူသည့် ခံမြို့ ၁၁ မြို့ဖြင့် ဖွဲ့စည်းခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြစ်သားမြို့နယ်မှတ်တမ်းတွင် မြစ်သား(မ္လစ်သာ) ဟူသည့်အမည်ကို အနော်ရထာဘုရင်က သမုတ်ခဲ့ကြောင်း ဖော်ပြထားသည်။ အနော်ရထာသည် ပန်းလောင်မြစ်နှင့် ဇော်ဂျီမြစ်ကိုအခြေတည်၍ လယ်မြေ ရှစ်သိန်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကင်းတာဆည်၊ ငလိုင်သေဥ်ဆည်၊ ပြောင်ပြာဆည်၊ ကျီမည်းဆည်၊ နွားတက်ဆည်၊ သင်းတွဲဆည်၊ မင်းရဲဆည်တို့ကို တည်ဆောက်ခဲ့သည်။ ၎င်းတို့အနက် ကျီမည်းဆည်ကို ပန်းလောင်မြစ်ပေါ်တွင် နောက်ဆုံးတည်ဆောက်ခဲ့ရာ အနော်ရထာမင်းကြီးသည် ဆည်တည်ဆောက်မည့်နေရာကို လက်ဆန့်တန်းညွှန်ပြ၍ မြစ်ကိုသားပြသည်ကို အစွဲပြု၍ မြစ်သားဟုမှည့်ခေါ်ခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

မြစ်သားမြို့သည် ကျောက်ဆည်မြို့မှ တောင်ဘက်သို့ ၁၆ မိုင်နှင့် မန္တလေးမြို့မှတောင်ဘက်သို့ ၄၈ မိုင်ကွာဝေး၍ အရှေ့မှ အနောက်သို့ မိုင် ၂၀၊ တောင်မှမြောက်သို့ ၁၇ ဒသမ ၅ မိုင်ရှည်လျားကာ ဧရိယာ ၃၄၂ ဒသမ ၆၃ စတုရန်းမိုင်ကျယ်ဝန်းသည်။ မြစ်သားမြို့နယ်သည် အရှေ့ဘက်တွင် ရှာငံမြို့နယ်၊ အနောက်ဘက်တွင် နွားထိုးကြီးမြို့နယ်၊ အနောက်တောင်ဘက်တွင် ဝမ်းတွင်းမြို့နယ်၊ မြောက်ဘက်တွင် ကျောက်ဆည်မြို့နယ်နှင့် အနောက်မြောက်ဘက်တွင် တံတားဦးမြို့နယ်တို့နှင့် နယ်နိမိတ်ထိဆက်နေသည်။ မြစ်သားမြို့နယ်အတွင်း၌ ဘုရားစေတီ ၅၆၅ ဆူနှင့် ဘုန်းကြီးကျောင်း ၂၆၈ ကျောင်းရှိသည့်အနက် မြစ်သားမြို့၊ မြို့မအရှေ့ရပ်ကွက်တွင်တည်ရှိသည့် ပေတောပရဟိတဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ထူးခြားသောဟန်ဖြင့်တည်ထားသည့် နဂါးပတ်စေတီတစ်ဆူရှိသည်။ ထိုကျောင်းဝင်းအတွင်းမှာပင် ရာဇကုမာရ်ကျောက်စာထက် ၃၃ နှစ်စောသော စောလူးမင်းကျောက်စာကို ကျောက်စာရုံ၌ ထိန်းသိမ်းပြသထားသည်။

မြန်မာရာဇဝင်ကျမ်းများတွင် မြစ်သားဒေသသို့ အနော်ရထာမင်းကြွရောက်ခဲ့ပုံများကို ဖော်ပြကြသော်လည်း စောလူးမင်းရောက်ရှိခဲ့သည့် စာပေအထောက်အထားကို မတွေ့ရသေးပေ။ သို့သော် စောလူးမင်းရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာကို တွေ့ရှိခဲ့သဖြင့် ခိုင်မာသော မှတ်တမ်းတစ်ခုဖြစ်လာခဲ့သည်။

**စောလူးမင်း ကျောက်စာ**

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် မြစ်သားမြို့ ပေတောပရဟိတကျောင်းတိုက်အတွင်းမှ ကျောက်စာထက်ပိုင်းကျိုး သုံးခုကို တွေ့ရှိခဲ့ပြီး နိုဝင်ဘာ ၅ ရက်တွင် ကျောက်စာပိုင်းအကျိုးတစ်ခုကို ဆက်လက်တွေ့ရှိခဲ့သည်။ ၎င်းအပိုင်းကျိုး လေးခုကို ဆက်စပ်ထားသည့် ကျောက်စာသည် အလျား ငါးပေ ကိုးလက်မ၊ အနံ သုံးပေ ခြောက်လက်မနှင့် အောက်ခြေအထု ခုနစ်လက်မ၊ အပေါ်အဖျားပိုင်းအထု ငါးလက်မရှိသည်။ ကျောက်စာချပ်သည် အနက်ရောင်ထုံးကျောက်ဖြစ်၍ မျက်နှာနှစ်ဖက်စလုံးတွင်စာများရေးထိုးထားပြီး ပွဲထွက်နေသည့် ကျန်အပိုင်းကျိုးကိုမူ မတွေ့ရှိရသေးချေ။

၎င်းကျောက်စာကို ပျူစာပေပညာရှင် ဦးစိန်ဝင်း၊ မွန်စာပေပညာရှင် နိုင်ဘရှင်၊ သမိုင်းပါမောက္ခ ဦးနီတွတ်၊ သမိုင်းပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ ပျူစာပေသုတသီ ဦးမြင့်ဆန်း(Mickey Heart) အစရှိသည့် ပညာရှင်များက ဖတ်ရှုသုတေသနပြုကာ ဆောင်းပါးများ၊ စာတမ်းများရေးသားခဲ့ကြသည်။ ကျောက်စာကို မျက်နှာနှစ်ဖက်ရေးထိုးထားပြီး ကျောက်စာတစ်ခြမ်းကို မွန်စာဖြင့်ရေးထိုး၍ ကျန်အခြမ်းကို ပျူစာဖြင့်ရေးထိုးထားသည်။ မွန်စာဘက်အခြမ်းတွင် စာကြောင်း ၂၈ ကြောင်းနှင့် ပျူစာဘက်အခြမ်းတွင် စာကြောင်း ၃၃ ကြောင်းပါရှိသည်။

မွန်စာဘက်အခြမ်းအပေါ်ပိုင်းတွင် စာကြောင်း ရှစ်ကြောင်း၊ အလယ်တွင် ၁၃ ကြောင်းနှင့် အောက်ပိုင်းတွင် ခုနစ်ကြောင်းပါရှိပြီး အပေါ်ဆုံး ငါးကြောင်းကို မဖတ်ရှုနိုင်ခဲ့ချေ။ ကျောက်စာမွန်ဘက်အခြမ်းစာကြောင်းရေ ၁၈ တွင်ပါရှိသည့် သက္ကရာဇ်ကို ဆရာကြီး နိုင်ဘရှင်က ၄၄၁ ခုဟု ပြန်ဆိုပြီး ၄၁၅ ခုနှစ်ဟု ယူဆမှုများလည်းရှိသည်။ ဇာတာတော်ပုံရာဇဝင်တွင် စောလူးမင်းကို ၄၁၁ ခုနှစ်တွင်ဖွားမြင်ကြောင်း ပြဆိုထားသဖြင့် ၄၁၅ ခုနှစ်တွင် စောလူးသည် လေးနှစ်အရွယ်သာရှိသေးကြောင်း ထောက်ပြမှုများလည်း ရှိခဲ့သည်။ ထို့အတူ ဦးကုလား မဟာရာဇဝင်ကြီးတွင် စောလူးမင်းသည် ၃၉၇ ခုနှစ်တွင် နန်းတက်ကြောင်း ဖော်ပြထားရာ ကျောက်စာပါ သက္ကရာဇ်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာများဖြစ်လာခဲ့ရသည်။

မွန်စာဘက်အခြမ်းစာကြောင်း အမှတ် (၇) နှင့် ပျူဘက်ခြမ်း စာကြောင်းအမှတ် (၁) နှင့် (၁၆) တွင် စောလူးမင်း၏ဘွဲ့အမည် ဖြစ်သည့် ဗဇြာဘရဏဒေဝဟုပါရှိသဖြင့် ကျောက်စာကို စောလူးမင်းရေးထိုးခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

**❖မြစ်သားမြို့၊ မြို့မအရှေ့ရပ်ကွက်တွင်တည်ရှိသည့် ပေတောပရဟိတဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ထူးခြားသောဟန်ဖြင့်တည်ထားသည့် နဂါးပတ်စေတီတစ်ဆူရှိသည်။ ထိုကျောင်းဝင်းအတွင်းမှာပင် ရာဇကုမာရ်ကျောက်စာထက် ၃၃ နှစ်စောသော စောလူးမင်းကျောက်စာကို ကျောက်စာရုံ၌ ထိန်းသိမ်းပြသထားသည်။ မြန်မာရာဇဝင်ကျမ်းများတွင် မြစ်သားဒေသသို့ အနော်ရထာမင်း ကြွရောက်ခဲ့ပုံများကို ဖော်ပြကြသော်လည်း စောလူးမင်းရောက်ရှိခဲ့သည့် စာပေအထောက်အထားကို မတွေ့ရသေးပေ။ ❖**

ကျောက်စာ၏ပျူဘက်အခြမ်းတွင် အပေါ်ပိုင်း ၁၂ ကြောင်းသည် သက္ကတဘာသာ၊ ဒေဝနာဂရီအက္ခရာ၊ အလယ် ၁၂ ကြောင်းကို ပါဠိဘာသာ၊ ကဒံဗအက္ခရာ၊ အောက်ပိုင်း ခုနစ်ကြောင်းကို ပျူဘာသာ၊ ပျူအက္ခရာဖြင့် ရေးထိုးထားသည်။ ကျန်စာကြောင်းများသည် ဂျမ်းဘာသာစကားများဖြစ်ကြောင်း ယူဆချက်များရှိခဲ့သောလည်း အခိုင်အမာ အတည်မပြုနိုင်ခဲ့ချေ။ ဘာသာစကားသုံးမျိုး၊ အက္ခရာ သုံးမျိုးပါရှိ၍ မွန်စာဘက်အခြမ်းတွင် မွန်ဘာသာစကား မွန်အက္ခရာဖြင့် ရေးထိုးထားသဖြင့် စောလူးမင်းကျောက်စာသည် ဘာသာ လေးမျိုး၊ အက္ခရာ လေးမျိုးဖြင့် ရေးထိုးထားသည့် ကျောက်စာဖြစ်ကြောင်း ပျူစာပေပညာရှင် ဦးစိန်ဝင်းက ရေးသားခဲ့သည်။

စောလူးမင်းကျောက်စာအက္ခရာကို မြန်မာဘာသာသို့ ပြန်ဆိုရာတွင် မွန်ဘက်အခြမ်းမှ စာများကို ဦးနိုင်ဘရှင်ကပြန်ဆို၍ ပျူဘက်အခြမ်းမှ စာများကို ဦးမြင့်ဆန်းက ပြန်ဆိုခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၃၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၃၇ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၃၇ ဧကကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါငရုတ်များလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သာပေါင်းမြို့နယ်အတွင်း ငရုတ်လျာထားဧက ၁၅၃၇ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးသွားမှာပါ။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့တောင်သူတွေ ပေါင်းစပ်လုပ်ဆောင်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် တောင်သူများသည် ငရုတ်သီးနှံကို ဆောင်းကာလနှင့် နွေကာလတွင် ပိုမိုစိုက်ပျိုးပြီး ယခုနှစ် ဆောင်းငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ အထွက်နှုန်း ကောင်းစေရေး၊ အရည်အသွေးကောင်းစေရေးတို့အတွက် လိုအပ်သည့်မျိုးများ၊ ဓာတ်မြေဩဇာများနှင့် စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

ပျူစာမျက်နှာဘက်တွင်ပါရှိသည့် ဗြဒ္ဒာဘရဏဒေဝ(သ)တွင် ရေးထိုးထားသော ဇ ရေးချရေးဟန် သည် သရေခေတ္တရာ ခင်ဘကုန်းရွှေပေလွှာနှင့် သရဲသမိန်ကျောက်စာတွင်ရေးထိုးခဲ့သည့်အတိုင်း ငါးရာစုနှင့် ခုနစ်ရာစုကြား အိန္ဒိယတောင်ပိုင်းအက္ခရာရေးဆွဲပုံနည်းစနစ်များနှင့် တူညီကြောင်း ဆရာကြီး တမ္ပဝတီဦးဝင်းမောင်က ဖော်ထုတ်ခဲ့သည်။

စောလူးမင်းကျောက်စာတွင်ရေးထိုးထားသည့် ဘာသာစကားများသည် လေးမျိုးဖြစ်ကြောင်းယူဆကြသကဲ့သို့ ငါးမျိုးဖြစ်ကြောင်း ယူဆမှုများလည်းရှိခဲ့သည်။ ထို့ကြောင့် ထိုစဉ်က ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနသည် မည်သည့်ဘာသာစကားဖြင့် ရေးထိုးထားကြောင်း ခန့်မှန်းရခက်သည့် စာကြောင်း ၁၂ ကြောင်းကို အိန္ဒိယနိုင်ငံ၊ ကမ္ဗည်းကျောက်စာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ အစောပိုင်း နာဂရီအက္ခရာများဖြစ်ကြောင်း ပြန်ကြားခဲ့သည်။ ထိုစာကြောင်း ၁၂ ကြောင်းကို စောလူးမင်းကျောက်စာ အထက်ပိုင်းတွင် တွေ့ရှိရသည်။

ပညာရှင်များ၏ အက္ခရာဖလှယ်မြန်မာပြန်ဆိုမှုများကြောင့် ကျောက်စာတွင်ရေးထိုးထားသည့် အဓိကအကြောင်းအချက်များကို သိရှိနိုင်ခဲ့ကြပြီး စောလူးမင်းကျောက်စာသည် စောလူးမင်းသည် ရုပ်ပွားဆင်းတုသုံးဆူအနက် နှစ်ဆူကိုဌာပနာ၍ တစ်ဆူကို ဘုရား၌လှူကာ ကျွန် ၁၀၀၊ နွား ၁၀ ရှဉ်း၊ လယ်ပယ် ၁၀၀ နှင့် စပါးတင်း ၁၀၀၀ ကို ရေစက်သွန်းချလှူဒါန်းသည့် အလှူမှတ်တမ်းဖြစ်ကြောင်း တွေ့ရှိခဲ့ကြရသည်။

ပျူ၊ မွန်၊ ဒေဝနာဂရီနှင့် ကဒံဗအက္ခရာများဖြင့် ရေးထိုးထားပြီး ပျူ၊ မွန်၊ သက္ကတနှင့် ပါဠိဘာသာလေးမျိုးပါရှိသည့်စောလူးမင်းကျောက်စာသည် ကျောက်စာပါသက္ကရာဇ်အရ ၄၄၁ ခုနှစ်တွင် ရေးထိုးခဲ့သဖြင့် ၄၇၄ ခုနှစ်တွင်ရေးထိုးခဲ့သည့် ကမ္ဘာ့မှတ်တမ်းအမွေနှစ်စာရင်းဝင် ရာဇကုမာရ်ကျောက်စာထက် ၃၃ နှစ် စောခဲ့သည်။ ပျူနှင့် မွန်စာများပါရှိသည့် စောလူးမင်းကျောက်စာကို ပုဂံဒေသမဟုတ်သည့် မြစ်သားနယ်တွင် တွေ့ရှိခဲ့သဖြင့် သမိုင်းကွက်လပ်များကို ဖြည့်ဆည်းသွားနိုင်မည်ဟု မျှော်လင့်ရပေသည်။

စောလူးမင်းကျောက်စာကို မြစ်သားမြို့၊ ပေတောပရဟိတကျောင်းဝင်းအတွင်းမှရရှိခဲ့သည့် ကျောက်စာပိုင်းလေးပိုင်းကို ဆက်စပ်ချည်နှောင်ကာ ပေတောပရဟိတကျောင်းအတွင်းရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားပြီး ကျောက်စာရုံကို ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

တစ်ချိန်က ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် မြစ်သားမြို့နယ်မှ ပျူခေတ်ထိုး မြနဒီကျောက်စာနှင့် ပုဂံခေတ်ထိုး စောလူးမင်း ကျောက်စာတို့ကိုရရှိခဲ့သည်။ ပျူမြနဒီကျောက်စာကို မြစ်သားမြို့ ရွှေမုဋ္ဌောဘုရားဝင်းအတွင်းရှိ ကျောက်စာရုံတွင်လည်းကောင်း၊စောလူးမင်းကျောက်စာကို မြစ်သားမြို့၊ ပေတောပရဟိတကျောင်းကျောက်စာရုံတွင်လည်းကောင်း ထိန်းသိမ်းထားသဖြင့် ပညာရှင်များနှင့် သုတေသီများ သွားရောက်လေ့လာနိုင်ကြပေသည်။

**ကိုးကား**

- **ပုဂံဆက် (ဒေါက်တာသန်းထွန်း)**
- **ပျူအက္ခရာစာပေပေါင်းချုပ်အတွဲ(၁)(ဦးစိန်ဝင်း)**
- **ပေတောကျောင်း ကျောက်စာ(နီတွတ်၊သမိုင်းပါမောက္ခ)**
- **ပေတောကျောင်းကျောက်စာ စာတမ်းများ**

## မသန်စွမ်းသူဖေးမကူစို့

- မသန်စွမ်းသူ စာနာမှုဖြင့်
ဖေးကူကြရေး လူတိုင်းတွေးသင့်။

- သူတို့သည်ကား
အများတကာ ကိုယ်ခန္ဓာသွင်၊
သန်မာမှုအား ပြည့်စုံအားတို့
လိုလားပေမည်မလွဲပေ။

- ဉာဏ်ရည်ပြည့်စွာ တွေးခေါ်ကာဖြင့်
တော်ရာသင့်ရာ ဆုံးဖြတ်ပါ၍
သွားလာလှုပ်ရှား နိုင်စွမ်းအားလည်း
လိုလားပေမည်မလွဲပေ။

- သို့ပေသော်လည်း ရေးကံနည်း၍
လူထဲကလူ ဖြစ်ပါမှုလျက်
လူလူချင်းပင် အတူသွင်သို့
အမြင်အကြား ပြောဆိုအားနှင့်
ခံစားမှုတွေ ချွတ်ယွင်းနေ၍
သွေဖည်ရှောင်ခွာ နှိမ့်ချတာတွေ
ဘယ်ခါမှလေမပြုသင့်။

- မသန်လည်းလူ သန်လည်းလူတည့်
လူသားအချင်းချင်း စာနာခြင်းဖြင့်
ရိုင်းပင်းကူညီ အားပေးမည်ဆို
ပြည်ရွာတစ်ဝန်း မသန်စွမ်းတို့
တတ်စွမ်းရာ ကဏ္ဍမျိုးမျိုး
ပြည်ကျိုးဆောင်ရွက်လာနိုင်မည်။ ။

**အင်ကြင်းသူ(နေပြည်တော်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## သံဝန်ထမ်းများနှင်ထုတ်ခံရမှုအတွက် လစ်သူယေးနီးယားကို တရုတ်သတိပေး

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ် သံတမန်ဝန်ထမ်း သုံးဦးနှင်ထုတ်ခံရမှုအတွက် လစ်သူယေးနီးယားနိုင်ငံကို တုံ့ပြန်အရေးယူမှုများပြုလုပ်နိုင်ကြောင်း တရုတ်အစိုးရက ဒီဇင်ဘာ ၂ ရက်တွင် သတိပေးထားကြောင်း သိရသည်။

လစ်သူယေးနီးယားအစိုးရက တရုတ်သံတမန် ဝန်ထမ်းသုံးဦးအား နှင်ထုတ်ထားမှုကို ရည်ရွယ်ချက်ရှိရှိ ရန်စလှုံ့ဆော်မှုအဖြစ် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်စိုးမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို ထိပါးစေမည့်လုပ်ရပ်များရပ်တန့်ရန်လည်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက လစ်သူယေးနီးယားကို တောင်းဆိုထားသည်။

တရုတ်(တိုင်ပေ) ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးကို ဗီးလ်နီးယပ်မြို့တွင် ဖွင့်လှစ်ရန်အတွက် လစ်သူယေးနီးယား အစိုးရက သဘောတူခဲ့ပြီးနောက် တရုတ်နှင့် လစ်သူယေးနီးယား နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ရသည်။

ထို့ပြင် ဗီယင်နာကွန်ဗင်းရှင်းချိုးဖောက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် လစ်သူယေးနီးယား အစိုးရက တရုတ်သံဝန်ထမ်းသုံးဦးကို မလိုလားအပ်သူများအဖြစ် ကြေညာ၍ နှင်ထုတ်ထားပြီးနောက် တရုတ်နှင့် လစ်သူယေးနီးယားနှစ်နိုင်ငံဆက်ဆံရေးမှာပို၍ တင်းမာလာခဲ့ရသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကုန်သွယ်ရေးရုံးပြဿနာကိုအကြောင်းပြု၍ လစ်သူယေးနီးယားနှင့် သံတမန်ဆက်ဆံရေးအဆင့် လျှော့ချထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နော်တာဒိန်းဘုရားကျောင်းဖွင့်ပွဲ တက်ရောက်ရန် ပြင်သစ်နိုင်ငံသို့ ဒေါ်နယ်ထရန့် သွားရောက်မည်



**နယူးယောက် ဒီဇင်ဘာ ၃**

အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ဒေါ်နယ်ထရန့်သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပမည့် နော်တာဒိန်းခရစ်ယာန်ဘုရားကျောင်းပြန်လည်ဖွင့်လှစ်မှုအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လွန်ခဲ့သောငါးနှစ်က မီးလောင်ကျွမ်းခဲ့ရသည့် ၁၂ ရာစုခေတ်လက်ရာ နော်တာဒိန်းဘုရားကျောင်းကို ကျွမ်းကျင်သူများက ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်ရာ ယင်းဘုရားကျောင်းကို ဒီဇင်ဘာ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် ပြင်သစ်နိုင်ငံက စီစဉ်ထားသည်။

နော်တာဒိန်း ဘုရားကျောင်း ပြန်လည်ဖွင့်လှစ်မှု အခမ်းအနားသို့တက်ရောက်ရန် ရွေးကောက်ပွဲအနိုင်ရ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ကို ပြင်သစ်အစိုးရက ဖိတ်ကြားထားခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ဒေါ်နယ်ထရန့်အတွက် သမ္မတရွေးကောက်ပွဲအနိုင်ရခဲ့ပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

ပြင်သစ် ခရီးစဉ်အတွင်း ရွေးကောက်ပွဲအနိုင်ရ သမ္မတလောင်းဒေါ်နယ်ထရန့် အနေဖြင့် အခြားပြည်ပခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ အနိုင်ရလဒ်အရ ဒေါ်နယ်ထရန့်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီဂျစ်နိုင်ငံ ပင်လယ်နီရေပြင်အတွင်း ကုန်တင်သင်္ဘောတစ်စီး နစ်မြုပ်

**ကိုင်ရို ဒီဇင်ဘာ ၃**

အီဂျစ်နိုင်ငံ ကူစီယာမြို့ ကမ်းလွန်ပင်လယ်နီရေပြင်အတွင်း သောင်တင်နေသော ကုန်တင်သင်္ဘောတစ်စီးသည် ဒီဇင်ဘာ ၂ ရက်တွင် စတင်နစ်မြုပ်နေပြီဖြစ်ကြောင်း သိရသည်။

ဗွီအက်စ်ဂျီဂလိုရီအမည်ရှိ ယင်းကုန်တင်သင်္ဘောသည် ပင်လယ်နီရေပြင်သန္တာကျောက်တန်းတစ်ခု၌ ၁၀ ရက်ကြာ သောင်တင်နေခဲ့ပြီးနောက် ဒီဇင်ဘာ ၂ ရက်တွင် စတင်နစ်မြုပ်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အီဂျစ်တာဝန်ရှိသူများသည် ဗွီအက်စ်ဂျီဂလိုရီသင်္ဘောကို ဆယ်ယူနိုင်ရေးအတွက် ကြိုးပမ်းနေကြောင်း သိရသည်။

ဗွီအက်စ်ဂျီဂလိုရီ ကုန်တင်သင်္ဘောသည် ဖွဲ ၃ တန်ချိန်၄၀၀၀၊ လောင်စာဆီတန် ၇၀ နှင့် ဒီဇယ်တန် ၅၀တို့ သယ်ဆောင်ထားကြောင်း သိရသည်။

ဗွီအက်စ်ဂျီ ကုန်တင်သင်္ဘောနစ်မြုပ်မှုဖြစ်စဉ်သည် ပင်လယ်နီရေပြင်၌ တစ်လမပြည့်မီကာလအတွင်း ဒုတိယမြောက်ဖြစ်ပွားခဲ့သော ရေကြောင်းမတော်တဆမှုဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက် ကလည်း ကူစီယာမြို့၏ တောင်ဘက်ပိုင်း ကမ်းလွန်ပင်လယ်နီရေပြင်အတွင်း ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ အနည်းဆုံးလူ လေးဦး သေဆုံး၍ ခုနစ်ဦးပျောက်ဆုံးခဲ့သည်။

ဗွီအက်စ်ဂျီဂလိုရီသင်္ဘောပေါ်မှ ရေယာဉ်ဝန်ထမ်း၂၃ဦးကို အီဂျစ်တာဝန်ရှိသူများက ကယ်တင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## အလက်ပိုထိုးစစ်တွင် ဆီးရီးယားအစိုးရကိုကူညီရန် အီရတ်ပြည်သူ့စစ်ရာပေါင်းများစွာ ဆီးရီးယားသို့ဝင်ရောက်လာ

**ဒမတ်စကတ် ဒီဇင်ဘာ ၃**

အီရန်ကျောထောက်နောက်ခံပြု အီရတ်ပြည်သူ့စစ်အုပ်စုများမှ လက်နက်ကိုင် ရာပေါင်းများစွာတို့သည် သူပုန်များနှင့်ရင်ဆိုင်နေရသော ဆီးရီးယားအစိုးရကို ကူညီရေးအတွက် ဆီးရီးယားနိုင်ငံအတွင်းသို့ဝင်ရောက်လာကြပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဆီးရီးယားသူပုန်အုပ်စုများသည် အလက်ပိုမြို့ကို ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ထိန်းချုပ်ခဲ့ရာ ဆီးရီးယားအစိုးရတပ်များက အလက်ပိုမြို့ကို ပြန်လည်ရရှိရန် ထိုးစစ်ဆင်လျက်ရှိသည်။

လက်ရှိအချိန်တွင် ဆီးရီးယားအစိုးရ၏ထိုးစစ်ကို ကူညီရေးအတွက် အီရတ်ပြည်သူ့စစ်အုပ်စုဝင် ရာပေါင်းများစွာတို့ ဆီးရီးယားနိုင်ငံအတွင်းသို့ ဒီဇင်ဘာ ၂ ရက်တွင် စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း ဒေသတွင်းစစ်ရေးသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

သို့ရာတွင် ဆီးရီးယားအစိုးရ၏ အလက်ပိုမြို့ထိုးစစ်၌ လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုမှ လက်နက်ကိုင်များ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

ဆီးရီးယားအစိုးရသည် ရုရှား၏ လေကြောင်းအကူအညီ၊ အီရတ် ကျောထောက်နောက်ခံပြု ရှီးယိုက်စ် လက်နက်ကိုင်အုပ်စုများ အကူအညီဖြင့် ၂၀၁၆ ခုနှစ်တွင် အလက်ပိုမြို့ကို ရယူထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။




ဆီးရီးယားအစိုးရတပ်များက အလက်ပိုမြို့ကို ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ဆီးရီးယားပြည်တွင်း အနေအထား ပြောင်းလဲခဲ့ရပြီး သမ္မတအာဆတ်၏ အစိုးရတပ်များက ဆီးရီးယားတစ်နိုင်ငံလုံး နီးပါးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နယူးဇီလန်နိုင်ငံ အမြင့်ဆုံးတောင်ထိပ်၌ တောင်တက်သမားသုံးဦး ပျောက်ဆုံးနေ

**နယူးယောက် ဒီဇင်ဘာ ၃**

အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ တောင်တက်သမားသုံးဦးသည် နယူးဇီလန်နိုင်ငံ၏ အမြင့်ဆုံး တောင်ထိပ်ဖြစ်သော အော်ရာကီတောင်ထိပ်၌ ပျောက်ဆုံးနေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါအမေရိကန်တောင်တက်သမားနှစ်ဦးနှင့် ကနေဒါတောင်တက်သမားတစ်ဦးတို့မှာ ကြိုတင်စီစဉ်ထားသည့်အတိုင်း တောင်ထိပ်ပေါ်သို့ မရောက်ခဲ့ဘဲ ပျောက်ဆုံးနေခြင်း ဖြစ်ကြောင်း နယူးဇီလန် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ အမေရိကန်တောင်တက်သမားများနှင့် ကနေဒါတောင်တက်သမားတို့သည် နိုဝင်ဘာ ၃၀ ရက်တွင် အော်ရာကီတောင်ထိပ်ကို စတင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အော်ရာကီတောင်ထိပ်နယ်မြေ၌ ရာသီဥတုအခြေအနေ ဆိုးရွားနေမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို နယူးဇီလန်တာဝန်ရှိသူများက စတင်နိုင်မှုမရှိသေးကြောင်း သိရသည်။

အော်ရာကီ တောင်ထိပ်သည် အမြင့် ၃၇၂၄ မီတာ (၁၂၂၁၈ ပေ) ရှိပြီး နယူးဇီလန်နိုင်ငံ ဆောက်သ်အိုင်းလန်းပြည်နယ်၌ တည်ရှိသည်။

၂၀ ရာစု အစောပိုင်းမှစ၍ လက်ရှိအချိန်ထိ အော်ရာကီတောင်ထိပ်နှင့် ပတ်ဝန်းကျင်ရှိ အမျိုးသားဥယျာဉ်များ၌ သေဆုံးခဲ့ရသူပေါင်း ၂၄၀ ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## လမျက်နှာပြင်အောက်၌ ရှည်လျားသည့် လိုဏ်ဂူတစ်ခုတည်ရှိနေမှု အထောက်အထားများကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဒီဇင်ဘာ ၃**

လမျက်နှာပြင်အောက်၌ ရှည်လျားသည့် လိုဏ်ဂူတစ်ခုတည်ရှိနေမှု အထောက်အထားများကို အမေရိကန် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ လကမ္ဘာမြေအောက် လိုဏ်ဂူသည် လူသားများလပေါ်သို့ ပထမဆုံး ဆင်းသက်ခဲ့သော နေရာ၏ အရှေ့မြောက်ဘက် မိုင် ၂၃၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

၎င်းလကမ္ဘာ မြေအောက် လိုဏ်ဂူကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော လကမ္ဘာကင်းထောက်အာကာသယာဉ် (LRO) ၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တွင်းပေါက်တစ်ခု၏ အခြေတွင် တည်ရှိသော အဆိုပါလကမ္ဘာမြေအောက်လိုဏ်ဂူသည် ပေ ၂၀၀ ကျော် ရှည်လျားကြောင်း သိပ္ပံပညာရှင်များက လတ်တလောတွင် ခန့်မှန်းထားသည်။

လကမ္ဘာပေါ်တွင် ကမ္ဘာပေါ်ရှိ ချော်ပြွန်လမ်းကြောင်း လိုဏ်ဂူများကဲ့သို့ လိုဏ်ဂူများ ရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက ရှေးယခင်ကပင် ယူဆခဲ့ကြကြောင်း သိရသည်။

လကမ္ဘာပေါ်တွင် လူသားများ အခြေစိုက် နေထိုင်ရေးအတွက် အထက်ပါ မြေအောက်ချော်ပြွန်လမ်းကြောင်းများကို အခြေခံစခန်းအဖြစ် အသုံးပြုနိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်နှစ်စင်းက ကမ္ဘာဂြိုဟ်ကို ရှေ့ဆင့်နောက်ဆင့် အနီးကပ်ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အရွယ်အစား ကြီးမားသော ဂြိုဟ်သိမ်နှစ်စင်းသည် ယနေ့နှင့် ဒီဇင်ဘာ ၄ ရက်တို့တွင် ကမ္ဘာဂြိုဟ်ကို ရှေ့ဆင့်နောက်ဆင့် အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

2007 JX2 နှင့် 2020 XR ဟူ၍ အမည်ပေးထားသည့် ၎င်းဂြိုဟ်သိမ်နှစ်စင်းသည် အရွယ်အစားအားဖြင့် နယူးယောက်မြို့အင်ပိုင်ယာစတိတ်အဆောက်အအုံအရွယ်အစားစာမျှရှိကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဂြိုဟ်သိမ်နှစ်စင်းအနက် 2007 JX2 သည် ယနေ့တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၃ ဒသမ ၄ သန်းကျော်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။



ဒီဇင်ဘာ ၄ ရက်တွင် 2020XR ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၁ ဒသမ ၃ သန်းအကွာမှ တစ်ဆင့် ဆက်လက်ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

၎င်းဂြိုဟ်သိမ်နှစ်စင်းစလုံးကို ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိလာနိုင်သည့် ဂြိုဟ်သိမ်များအဖြစ် နာဆာသိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

နာဆာအဖွဲ့သည် နေနှင့်မိုင်သန်း ၁၂၀ အကွာအဝေးအတွင်း ဝင်ရောက်လာသည့် အာကာသ ဒြပ်ထည်မှန်သမျှကို ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိလာနိုင်သော အာကာသဒြပ်ထည်များအဖြစ် သတ်မှတ်လေ့ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဥရောပအာကာသအေဂျင်စီ၏ Bepi Colombo အာကာသယာဉ်က ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့

**ပဲရစ် ဒီဇင်ဘာ ၃**

ဥရောပအာကာသအေဂျင်စီ၏ Bepi Colombo အာကာသယာဉ်သည် ဒီဇင်ဘာ ၁ ရက်တွင် နေအဖွဲ့အစည်း၏ အတွင်းဘက်အကျဆုံးဂြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Bepi Colombo အာကာသယာဉ်သည် ဒီဇင်ဘာ ၁ ရက်တွင် ပဉ္စမအကြိမ်မြောက်အဖြစ် ဗုဒ္ဓဟူးဂြိုဟ်ကို ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖြတ်ကျော်ပျံသန်းစဉ် Bepi Colombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် Bepi Colombo သည် ဗုဒ္ဓဟူးဂြိုဟ်ကို ဖြတ်ကျော်ပျံသန်းစဉ် MERTIS အမည်ရှိ စူးစမ်းလေ့လာရေးစနစ်ကို ပထမဆုံးအကြိမ် အသုံးပြု၍ ဗုဒ္ဓဟူးဂြိုဟ်မျက်နှာပြင်၏ အပူချိန်နှင့် ဖွဲ့စည်းပုံတို့ကို တိုင်းတာလေ့လာခဲ့ကြောင်း သိရသည်။

Bepi Colombo အာကာသယာဉ်သည် ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသ အေဂျင်စီတို့က ၂၀၁၈ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဗုဒ္ဓဟူးဂြိုဟ်လေ့လာရေး အာကာသယာဉ်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## လေထုညစ်ညမ်းမှုပြဿနာကြောင့် အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၃**

လေထုညစ်ညမ်းမှုပြဿနာကြောင့် အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂ ရက်သတင်းများအရ သိရသည်။

ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများစားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်မှုမရှိခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကြောင့် အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

ထို့ပြင် အရိုးပွရောဂါကဲ့သို့ အရိုးကျန်းမာရေးဆိုင်ရာပြဿနာများသည် ခဲနှင့်ကတ်မီယမ်ကဲ့သို့ သတ္တုဓာတ်များ၊ နေ့စဉ်သုံးပစ္စည်းများတွင်ပါဝင်သည့် ဓာတုပစ္စည်းများနှင့်လည်း ဆက်စပ်နေတတ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုသည်လည်း အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာရခြင်း၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်သည်ဟု ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေး တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များသည် လူပေါင်း ကိုးသန်းထိပါဝင်ခဲ့သည့် လေ့လာချက်ပေါင်း ကိုးခုကို အနုစိတ်ပြန်လည်လေ့လာခဲ့ရာ လေထုညစ်ညမ်းမှုနှင့်ထိတွေ့သူများ၌ အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်မားနေတတ်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

အရိုးပွရောဂါသည် အသက် ၅၀ အထက်ရှိသူများ အထူးသဖြင့် အမျိုးသမီးများ၌ အဖြစ်များသော အရိုးကျန်းမာရေး ပြဿနာဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Lenacapavir ထိုးဆေးတစ်မျိုးက HIV ပိုးကူးစက်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၃**

တစ်နှစ်လျှင် နှစ်ကြိမ်ထိုးနှံရန်လိုအပ်သည့် Lenacapavir အမည်ရှိ ထိုးဆေးတစ်မျိုးသည် ခုခံအားကျဆင်းမှုရောဂါပိုး (HIV) ကူးစက်နိုင်ခြေကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အီမိုရီ တက္ကသိုလ်မှ သုတေသနပညာရှင်များပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုရလဒ်များအရ Lenacapa-vir ဆေးသည် HIV ပိုး ကူးစက်နိုင်ခြေကို ၉၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

Lenacapavir ဆေးသည် ခြောက်လလျှင်တစ်ကြိမ် ထိုးနှံရန်သာလိုအပ်သော်လည်း HIV ပိုး ကူးစက်နိုင်ခြေကို ရာနှုန်းပြည့်နီးပါး လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

HIV ပိုး ကူးစက်မှုကိုကာကွယ်ရာတွင် Truvada ကဲ့သို့ သောက်ဆေးများသည်လည်း ထိရောက်မှုရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပါသောက်ဆေးများမှာ ဆရာဝန်ညွှန်ကြားသည့်အတိုင်း နေ့စဉ်မပြတ် သောက်သုံးရန်လိုအပ်သည့် ဆေးဝါးများဖြစ်ကြသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၁၇၉ ဦးတို့ဖြင့် Lenacapavir ထိုးဆေးကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## ဒူဘွိုက်စ်က IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ရန်အတွက် ဂျိုးဆပ်ပါကား၏ စိန်ခေါ်မှုကိုလက်ခံ





ရီယာ့ဒ် ဒီဇင်ဘာ ၃

IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ကာကွယ်ရန်အတွက် ဗြိတိန်လက်ဝှေ့သမား ဒူဘွိုက်စ်က နယူးဇီလန် လက်ဝှေ့သမား ဂျိုးဆပ်ပါကား၏ စိန်ခေါ်မှုအား လက်ခံလိုက်ပြီဖြစ်ပြီး ဆွေးနွေးမှုလည်း အောင်မြင်စွာပြီးဆုံးခဲ့သည်။

ယင်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်၌ ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်းလည်း IBF အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒူဘွိုက်စ်နှင့် ဂျိုးဆပ်ပါကားတို့၏ပွဲစဉ်အား ရုရှားလက်ဝှေ့သမား ဘီဗိုလ်နှင့် ကနေဒါလက်ဝှေ့သမား ဘီတာဘီယက်ဖ်တို့၏ ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံစိန်ခေါ်မှုနှင့်အတူ Co-Main Event အနေဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း ဆော်ဒီအာရေဗျနိုင်ငံ လက်ဝှေ့ပွဲကျင်းပရေး ကော်မတီက အတည်ပြုထုတ်ပြန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဖက်ဒရေးရှင်း(IBF)က "IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဒူဘွိုက်စ်ဟာ ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီ ၂၂ ရက်မှာ စိန်ခေါ်သူ ဂျိုးဆပ်ပါကားနဲ့ ထိုးသတ်သွားမှာ ဖြစ်ကြောင်း အသိပေးအပ်ပါတယ်"ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ဒူဘွိုက်စ်သည် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အား ပြီးခဲ့သောဇွန်လက ရရှိခဲ့ခြင်းဖြစ်ပြီး ပထမဆုံးသော လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက်၌ ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာနှင့် ထိုးသတ်ခဲ့သည်။

ယင်းပွဲစဉ်တွင် ဒူဘွိုက်စ်က ပဉ္စမမြောက်အချီ၌ အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား အောင်မြင်စွာကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ Ref : RT

Trs : AZL

## အာဆင်နယ်နှင့်ပွဲစဉ်တွင် ယိုရိုပြန်ကစားနိုင်မည်ဟု မန်ယူနည်းပြ အာမိုရင်ပြောကြား



မန်ချက်စတာ ဒီဇင်ဘာ ၃

ယခုနှစ်နွေရာသီတွင် ခေါ်ယူထားသည့် ခံစစ်ကစားသမားယိုရိုသည် ဒဏ်ရာကောင်းမွန်လာသဖြင့် လာမည့်အာဆင်နယ်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်ဟု နည်းပြအာမိုရင်က ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ယိုရိုသည် ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ကာလရှည် အနားယူခဲ့ရပြီး နည်းပြအာမိုရင်လက်ထက်တွင် လေ့ကျင့်ခန်းပြန်ဆင်းနိုင်ခဲ့ကာ လာမည့်အာဆင်နယ်အသင်းနှင့်အမှတ်ပေးပွဲစဉ်တွင် ပြန်လည်ကစားနိုင်မည်ဟု အာမိုရင်က အတည်ပြုပြောကြားခဲ့သည်။

အသက် ၁၉ နှစ်ရှိ ယိုရိုသည် ခံစစ်ပိုင်း လိုအပ်ချက်အတွက် လိုင်လီအသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ သန်းဖြင့် ရောက်ရှိခဲ့ပြီး ဒဏ်ရာခွဲစိတ်မှုကြောင့် ယခုရာသီတွင်အသင်းနှင့် ပူးပေါင်းနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

နည်းပြအာမိုရင်က "ယိုရိုရဲ့ ဒဏ်ရာ ကောင်းမွန်လာပါပြီ။ သူ့အနေနဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ အကောင်းဆုံးလုပ်နိုင်ခဲ့ပေမယ့် ဆက်လက် စောင့်ကြည့်ရမှာပါ။ လာမယ့်ပွဲမှာတော့ အနည်းဆုံး မိနစ်ပိုင်းလောက် ပါဝင်ဖို့များပါတယ်။ အဲဗာတန်နဲ့ပွဲမှာ ဒဏ်ရာရခဲ့တဲ့ ဖာနန်ဒက်စ်လဲ အာဆင်နယ်နဲ့ပွဲမှာ ကစားနိုင်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

## ဖီဖာတစ်နှစ်တာနေရာလိုက် အကောင်းဆုံးအမျိုးသားအသင်းကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် မက်ဆီနှင့် စီရော်နယ်ဒိုတို့ပါဝင်လာ

ဇူးရစ် ဒီဇင်ဘာ ၃

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ယခုနှစ်အတွက် ဖီဖာတစ်နှစ်တာ အကောင်းဆုံးများပေးအပ်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်မည့် ဆုများမှ တစ်ဆုဖြစ်သည့် ဖီဖာတစ်နှစ်တာ နေရာလိုက် အကောင်းဆုံးအမျိုးသားအသင်းဆု (FIFA Pro Men's World 11) ဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းတွင် အင်တာမီယာမီအသင်းမှ မက်ဆီနှင့် အယ်နာဆာအသင်းမှ စီရော်နယ်ဒိုတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

မက်ဆီနှင့် စီရော်နယ်ဒိုတို့သည် ယခုနှစ်အတွင်း သက်ဆိုင်ရာ ကလပ်အသင်းများဖြစ်သည့် အင်တာမီယာမီ အသင်းနှင့် အယ်နာဆာအသင်းတို့တွင် အဓိက ကစားသမားများအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ နိုင်ငံအသင်းများဖြစ်သည့် အာဂျင်တီးနားအသင်းနှင့် ပေါ်တူဂီအသင်းတို့တွင်လည်း လက်ရှိအချိန်ထိ အသင်းခေါင်းဆောင်များ အဖြစ် အသင်းကိုအကောင်းဆုံးဦးဆောင်ထားနိုင်ဆဲ ဖြစ်သည့်အတွက် ဆန်ခါတင် ကစားသမားစာရင်း၌ ပါဝင်လာခဲ့ကြခြင်းဖြစ်သည်။



ဖီဖာတစ်နှစ်တာ အကောင်းဆုံးဆုများ ပေးအပ်ပွဲအခမ်းအနားတွင်ပေးအပ်မည့် ဖီဖာတစ်နှစ်တာ နေရာလိုက် အကောင်းဆုံး အမျိုးသားအသင်းဆု (FIFA Pro Men's World 11) ဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် မန်စီးတီးအသင်းမှ အီဒါဆန်၊ အေဗီလာအသင်းမှ မာတီနက်၊ ဘိုင်ယန်မြူးနစ်အသင်းမှ နူအာ၊ ခံစစ်ကစားသမားနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကာဗာဂျယ်၊ မန်စီးတီးအသင်းမှ ဒီယက်ဖ်နှင့် ဝေါကာ၊ လီဗာပူးအသင်းမှ ဗန်ဒိုက်၊ လေဗာကူဆင်အသင်းမှ ဖရင့်ပေါင်နှင့် အာဆင်နယ်အသင်းမှ ဆာလီဘာ၊ ကွင်းလယ် ကစားသမားနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်၊ တိုနီခရူးစ်၊ လူကာမိုဒရစ်၊ ဗယ်လ်ဗာဒီ၊ မန်စီးတီး အသင်းမှ ဒီဘရိုင်း၊ ဖိုဒန်၊ ရိုဒရီတို့ ပါဝင်လာခဲ့သည်။

အလားတူ တိုက်စစ်ကစားသမားနေရာတွင် မန်စီးတီးအသင်းမှ ဟာလန်း၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘက်ပီ၊ ဗင်နီစီးယက်စ်၊ အင်တာမီယာမီ အသင်းမှ မက်ဆီ၊ အယ်နာဆာ အသင်းမှ စီရော်နယ်ဒို၊ ချယ်ဆီး အသင်းမှ ပယ်မာနှင့် ဘာစီလိုနာ အသင်းမှ ယာမယ်တို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## မန်ယူအသင်းက ဂရိုကီယက်ကိုခေါ်ယူရန် ဆွေးနွေးမှုများ စတင်ပြုလုပ်

မန်ချက်စတာ ဒီဇင်ဘာ ၃

မန်ယူအသင်းက စပို့တင်းလစ္စဘွန်အသင်းနှင့် ခြေစွမ်းပြသလျက်ရှိနေသည့် တိုက်စစ်ကစားသမားဂရိုကီယက်ကိုခေါ်ယူရန်အတွက် ဆွေးနွေးမှုများ စတင်လုပ်ဆောင်လျက် ရှိနေကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ဂရိုကီယက်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က လက်ရှိ မန်ယူအသင်းနည်းပြဖြစ်သည့် အာမိုရင်၏ခေါ်ယူမှုနှင့်အတူ ကိုဗင်ထရီအသင်းမှ စပို့တင်းလစ္စဘွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက စပို့တင်းလစ္စဘွန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံပွဲပေါင်း ၅၀ တွင် ၄၃ ဂိုးထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

လက်ရှိ မန်ယူအသင်းနည်းပြ အာမိုရင်သည်လည်း အသင်း တိုက်စစ်ပိုင်းအတွက် စပို့တင်းလစ္စဘွန်အသင်းတွင် လက်တွဲခဲ့ဖူးသည့် ဂရိုကီယက်ကို မန်ယူအသင်းထံ ခေါ်ယူလိုနေသည့်အတွက် လက်ရှိဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

နည်းပြအာမိုရင်သည် လက်ရှိအသင်း တိုက်စစ်ပိုင်းအတွက် ရက်ရှ်ဖို့ဒ်၊ ဇက်ဇီးနှင့် ဟိုဂ်လန်းတို့ ရှိနေသော်လည်း အသင်းတိုက်စစ်ပိုင်းအတွက် ပိုမိုအားတောင့်တင်းစေရန်အတွက် စပို့တင်းလစ္စဘွန်အသင်းတွင် လက်တွဲခဲ့ဖူးသည့် တပည့်ဟောင်းဖြစ်သူကို မန်ယူအသင်းထံ ခေါ်ယူလိုနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း တိုနီဖီနော့ထုတ်ပြန်

ဝါရှင်တန် ဒီဇင်ဘာ ၃

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့သည် လာမည့် ဒီဇင်ဘာ ၅ ရက်တွင် ဘဟားမားစ်ပြည်နယ်၌ ကျင်းပသွားမည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နာမည်ကြီး ဂေါက်သီးရိုက်ကစားသမား ဦးရေ ၂၀ ဖြင့် ကျင်းပသွားမည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှ တိုနီဖီနော့ နုတ်ထွက်သွားခြင်းကြောင့် ဩစတြေးလျား ကစားသမား ဆပ်ကထရာကာနှင့် အစားထိုးလိုက်ကြောင်းလည်း Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

တိုနီဖီနော့သည် ဒဏ်ရာ ပြဿနာကြောင့် နုတ်ထွက်ခဲ့ခြင်းမဟုတ်ဘဲ LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းသွားရေး ဆွေးနွေးမှုများ ပြုလုပ်သွားရန် နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် LIV Golf အတွက် ရာသီဝိတ်ကာလဖြစ်ပြီး ယင်းကာလအတွင်း ကစားသမားသစ်များ ခေါ်ယူမှု ပြုလုပ်ခဲ့သည်။

LIV Golf အဖွဲ့ချုပ်က တိုနီဖီနော့ကိုပါ ကမ်းလှမ်းခဲ့သည့်အတွက် တိုနီဖီနော့ကလည်း ဆန္ဒရှိနေ၍ လက်ခံဆွေးနွေးနေခြင်းဖြစ်သည်။

တိုနီဖီနော့အနေဖြင့် LIV Golf အဖွဲ့ချုပ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပါက တိုနီဖီနော့အား ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် PGA Tour များ၌ မြင်တွေ့ရတော့မည်မဟုတ်ဘဲ နိုင်ငံကိုယ်စားပြု အသင်းလိုက်ပြိုင်ပွဲများတွင်လည်း ပါဝင်ခွင့်ရတော့မည်မဟုတ်ကြောင်း သိရသည်။

LIV Golf အဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲများသည် ၅၄ ကျင်းသာ ယှဉ်ပြိုင်ရသည့်အတွက် ပွဲပန်းဒဏ် သက်သာမည်ဖြစ်သလို ဆုကြေးငွေပမာဏ မြင့်မားမှုကြောင့်လည်း ကစားသမားအများစုက LIV Golf သို့ ပြောင်းရွှေ့ကစားခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပြစ်မှုပုဒ်မ-၄၉၇ ၏ ဆိုလိုရင်းအနှစ်သာရမှာ

**စိန်လှိုင်ဗိုလ်**

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၉၇ တွင် မယားခိုးမှု ကျူးလွန်သူအား ချမှတ်ရမည့်ပြစ်ဒဏ်ကို ပြဋ္ဌာန်းထားသည်။ **"မည်သူမဆို လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်းလည်း မိမိသိသည်လည်း ဖြစ်သောသို့တည်းမဟုတ် သို့ဖြစ်ကြောင်း မိမိယုံကြည်ရန်အကြောင်းရှိသည်လည်းဖြစ်သော မိန်းမကို လင်ဖြစ်သူ သဘောမတူဘဲသော်လည်းကောင်း၊ အလိုတူရာရောက်ခြင်းမရှိဘဲသော်လည်းကောင်း၊ ကာမစပ်ယှက်ခြင်းပြုရာ၌ မုဒိမ်းမှုမမြောက်လျှင် မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍ ထိုသူကို (၅) နှစ်ထိ ထောင်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထိုအမှုမျိုးတွင် မယားဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ် မထိုက်စေရ"**ဟူ၍ ပြဋ္ဌာန်းထားသည်။

ပြဋ္ဌာန်းဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အနေဖြင့် **"လင်ရှိမယားဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ပေါင်းသင်းခြင်းဖြစ်သည့်အပြင် လင်ဖြစ်သူက အလိုမတူမှုသာ ပြစ်မှုမြောက်ကြောင်းနှင့် တိတ်တဆိတ်ပေါင်းသင်းခြင်းမဟုတ်ဘဲ စေ့စပ်ကြောင်းလမ်းပြီးနောက် လက်ထပ်ပေါင်းသင်းခြင်းမှာ ပြစ်မှုမြောက်/မမြောက်"**ဆိုခြင်းနှင့်ပတ်သက်၍ အများပြည်သူသိရှိမှတ်သားသင့်သော စီရင်ထုံးတစ်ခုကို ကိုးကား၍ ရေးသားတင်ပြပါဦးမည်။

အမှုတစ်ခုတွင်ဖြစ်သည်။ မောင်ထင်ကျော်နှင့် မဝင်းတို့သည် ရေဦးမြို့မှ ရန်ကုန်မြို့သို့ ထွက်ပြေး၍ လမ်းမတော်မြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးလက်ထပ်ခဲ့ကြသည်။ ထို့နောက် ရေဦးမြို့သို့ပြန်လာပြီး အတူတကွပေါင်းသင်းနေထိုင်စဉ် မဝင်း၏မိခင် ဒေါ်တင်အေး လာခေါ်၍ မိခင်နောက်သို့ မဝင်းပြန်လိုက်သွားရာမှ ပြန်မလာတော့ပေ။ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလလောက်မှစ၍ မောင်ထင်ကျော်နှင့် မဝင်းတို့ ကွဲကွာနေရာ ၁၉၇၅ ခုနှစ်ထဲတွင် မောင်ထင်ကျော်က မဝင်းအပေါ် ရေဦးမြို့နယ်တရားရုံးတွင် လင်မယားကွာလိုမှု လျှောက်ထားစွဲဆိုခဲ့သည်။

ရုံးချိန်းရက်တွင် မောင်ထင်ကျော်မလာ၍ လင်မယားကွာလိုမှု ပလပ်ခြင်းခံရသည်။ နောက်ပိုင်းတွင် မောင်ထင်ကျော်သည် မသန်းမြင့်ဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့သည်။ ငါးလအကြာ ၁၉၇၇ ခုနှစ် နိုဝင်ဘာလလောက်တွင် မောင်ချစ်စံက မဝင်းကို လူကြီးစုံရာရှေ့တွင် တောင်းရမ်းလက်ထပ်ပေါင်းသင်းခဲ့သည်။ ထိုသတင်းကို မောင်ထင်ကျော်က စုံစမ်းသိရှိရသဖြင့် ၁၉၇၈ ခုနှစ် ဧပြီလထဲတွင် မောင်ထင်ကျော်က မောင်ချစ်စံအပေါ် မယားခိုးမှုဖြင့် မြို့နယ်တရားရုံး၌ လျှောက်ထားစွဲဆိုခဲ့သည်။

ရေဦးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၅၁/၇၈ တွင် မောင်ချစ်စံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၉၇ အရ ပြစ်မှုထင်ရှား၍ ဒဏ်ငွေကျပ် ၈၀၀ ပေးဆောင်စေရန်နှင့် ထိုဒဏ်ငွေထဲမှ ငွေကျပ် ၇၀၀ ကို မူလရုံးတရားလို မောင်ထင်ကျော်သို့ လျော်ကြေးငွေအဖြစ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်ချစ်စံက မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး၌ အယူခံဝင်ရောက်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။



**ဗဟိုတရားရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်များတွင် မဝင်းသည် မောင်ထင်ကျော်နှင့် တစ်ကွဲတစ်ပြားစီနေထိုင်ကြသော်လည်း တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေး၍ ဥပဒေသဘောအရ မဝင်းသည် မောင်ထင်ကျော်၏ဇနီးအဖြစ် တည်ရှိနေဆဲဖြစ်၍ မောင်ထင်ကျော်အလိုမတူဘဲ မောင်ချစ်စံက လက်ထပ်ပေါင်းသင်းခြင်းသည် စွဲဆိုပါပြစ်မှုကို ကျူးလွန်ရာရောက်ကြောင်း သုံးသပ်ထားသည်ကို ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၉၇ အရ ပြစ်မှုမြောက်ရန်မှာ **"တရားခံပေါင်းသင်းသော မိန်းမသည် လင်ရှိမယားဖြစ်သည်ဆိုရုံနှင့်မပြီးပေ။ ထိုသို့ လင်ရှိမယားဖြစ်ကြောင်း တရားခံက ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်ရန်လည်းလိုသည်။ ထို့ပြင် ထိုသို့ပေါင်းသင်းခြင်းကို လင်ယောက်ျားဖြစ်သူ တရားလိုက အလိုတူရာရောက်ခြင်းမရှိကြောင်း ပေါ်လွင်ရန်လည်း လိုပေသည်"**ဟု ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

အယူခံတရားလို မောင်ချစ်စံက မြို့နယ်တရားရုံးတွင်အစစ်ခံရာ၌ မဝင်းကိုယူစဉ်က မောင်ထင်ကျော်၏မိန်းမ မဟုတ်တော့ဟုယုံကြည်၍ ယူလိုက်ခြင်းဖြစ်ကြောင်း၊ မဝင်းနေထိုင်ရာ ကားဆိပ်ရွာရှိ အိမ်နီးချင်းများကို စုံစမ်းမေးမြန်းရာတွင်လည်း မောင်ထင်ကျော်နှင့် ဘာမှမဆိုင်တော့ဟု စုံစမ်းသိရှိရကြောင်း၊ ၁၉၇၅ ခုနှစ်ကတည်းက မိမိနှင့် မောင်ထင်ကျော်တို့တွေ့၍ မဝင်းကိုပြန်ပေါင်းရန် မောင်ထင်ကျော်ကိုပြောရာ၌ မပေါင်းနိုင်တော့ကြောင်း၊ တရားရုံးမှာလည်း ကွာလိုမှုစွဲထားကြောင်း၊ မဝင်းနှင့်မပတ်သက်တော့ဟု ပြောလိုက်ကြောင်း ထုချေအစစ်ခံချက်ကို ဗဟိုတရားရုံးက ဖော်ထုတ်စိစစ်ခဲ့သည်။

ထိုသို့ မောင်ချစ်စံက မောင်ထင်ကျော်ကိုမေး၍ မဝင်းကို ယာယီပြတ်စဲနေကြောင်း၊ ပြန်ပေါင်းရန်စိတ်မကူးတော့ဟုပြောဆိုကြောင်းကို ထိုစဉ်က မောင်ချစ်စံနှင့်အတူပါသည့် မောင်ချစ်တင်(ခံပြ-၁၃)က ထောက်ပြထွက်ဆိုထားပေသည်။ မဝင်း(ခံပြ-၂)ကလည်း မောင်ချစ်စံနှင့် ပြာသိုလထဲတွင် ကြောင်းလမ်းပြီး တန်ခူးလတွင်လက်ထပ်ကြောင်း ထွက်ဆိုထားလေရာ မောင်ထင်ကျော်အနေဖြင့် မဝင်းကို အမှန်တကယ်ပြတ်စဲလိုစိတ်မရှိပါက ထိုသို့ စေ့စပ်ကြောင်းလမ်းစဉ်ကတည်းကပင် ကန့်ကွက်ပြောဆိုခဲ့သင့်ကြောင်း ဗဟိုတရားရုံးက စိစစ်သုံးသပ်ခဲ့သည်။

မောင်ထင်ကျော်သည် မဝင်းကိုကွာလိုကြောင်း တရားရုံးတွင် တရားစွဲဆိုပြီးနောက် မသန်းမြင့်ဆိုသူ အမျိုးသမီးနှင့်နောက်အိမ်ထောင်ပြုခြင်း၊ မောင်ချစ်စံက မေးမြန်းရာတွင်လည်း မဝင်းကို ပြန်လည်ပေါင်းသင်းရန်စိတ်မကူးတော့ကြောင်း ပြောဆိုခြင်း၊ မောင်ထင်ကျော်နှင့်မဝင်းတို့မှာလည်း ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလကစ၍ ကွဲကွာခဲ့သည်မှာ မဝင်းနှင့် မောင်ချစ်စံတို့လက်ထပ်သည့် ၁၉၇၈ ခုနှစ်ထိ လုံးဝအဆက်အသွယ်တစ်စုံတစ်ရာမရှိခဲ့ခြင်း၊ မောင်ချစ်စံသည် မဝင်းကို မမြင်ကွယ်ရာတွင် တိတ်တဆိတ်ပေါင်းသင်းခြင်းမဟုတ်ဘဲ လူကြီးစုံရာရှေ့တွင် စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်ပေါင်းသင်းခြင်းစသောပြုမူချက်များကို ထောက်ရှုခြင်းအားဖြင့် မဝင်းသည် မောင်ထင်ကျော်နှင့်ပြတ်စဲပြီးဖြစ်သည်ဟုထင်မှတ်သဖြင့် တောင်းရမ်းလက်ထပ်ရယူခဲ့ခြင်းဖြစ်ကြောင်း အယူခံလျှောက်ထားသူ မောင်ချစ်စံ၏ ထုချေချက်ကို လက်မခံနိုင်စရာအကြောင်းမရှိဟု ဗဟိုတရားရုံးက ယူဆခဲ့သည်။

ထို့ကြောင့် အယူခံလျှောက်ထားသူ မောင်ချစ်စံသည် မဝင်းကို လင်ရှိမယားဖြစ်ကြောင်းယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းဆက်ဆံခဲ့သည်ဟုမဆိုနိုင်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၉၇ တွင် အကျုံးမဝင်သဖြင့် ၎င်းအပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်အပေါ်ဗဟိုတရားရုံးက ပြင်ဆင်တည့်မတ်လိုက်ခြင်းသည် မောင်ချစ်စံက ပြင်ဆင်မှုတင်သွင်းဝင်ရောက်နိုင်ခြင်းကြောင့်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် အထက်အမြင့်ဆုံးတရားရုံးသို့ ပြင်ဆင်မှုဝင်ရောက်နိုင်ခြင်းငှာမစွမ်းသာခဲ့သည်ရှိပါက ပြဋ္ဌာန်းထားသောဥပဒေ၏ ဆိုလိုရင်းအနှစ်သာရကို မောင်ချစ်စံ ရရှိခံစားနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ ဗဟိုတရားရုံး၏ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှု၏ ပြဋ္ဌာန်းချက်ကို မူလရုံးအပါအဝင် တရားရုံးအဆင့်ဆင့်သည် သိရှိလိုက်နာနိုင်ကြပြီဖြစ်သည်။ ရပ်ထဲရွာထဲ လူမှုပတ်ဝန်းကျင်တွင်လည်း သဘောပေါက်နားလည်နိုင်ကြပြီဖြစ်သည်။ **မောင်ချစ်စံနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မောင်ထင်ကျော်) ၁၉၈၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၁၉၂ (ခ)** အမှုစီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၁၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အင်းတော် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၁၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၁၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်အတွင်း နှမ်း ၁၁၆၂၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက တိုက်ခိုက်ရေးဒရုန်းများတင်ဆောင်ပစ်လွှတ်ရန် ဒရုန်းပစ်လောင်ချာယာဉ်တီထွင်



တရုတ်နိုင်ငံသည် ASN-301 Loitering Munition တိုက်ခိုက်ရေးဒရုန်းများ တင်ဆောင်ပစ်လွှတ်ရန် FAW MV3 6x6 ထရပ်ကား မျိုးကွဲသစ်တစ်မျိုးဖြစ်သည့် ဒရုန်းပစ်လောင်ချာယာဉ်ကို စတင်တီထွင်ခဲ့ကြောင်း၊ ၎င်းထရပ်ကား တစ်စီးလျှင် ဒရုန်းခြောက်စင်းသယ်ဆောင်နိုင်မည်ဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ကြည်းတပ်၏ တိုက်ပွဲဝင်စွမ်းဆောင်ရည်များကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

MV3 ထရပ်ကားကို တီထွင်ထုတ်လုပ်နိုင်မှုသည် စစ်ဘက်သုံး အထူးယာဉ်များဖြင့် တိုက်ခိုက်ရေးဒရုန်းများကို လျင်မြန်စွာ ဖြန့်ကြက်နိုင်ခြင်းအပေါ် အာရုံစိုက်လာခြင်းဖြစ်ပြီး တိုက်ခိုက်ရေးဒရုန်းနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် တီထွင်ထုတ်လုပ်အသုံးပြုလာကြခြင်း၏ ကနဦးခြေလှမ်းများလည်းဖြစ်သည်။

ASN-301 Loitering Munition တိုက်ခိုက်ရေးဒရုန်းကို ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့တော်တွင် ကျင်းပပြုလုပ်ခဲ့သော World Defense Show 2024 တွင် ထုတ်ဖော်ပြသခဲ့သည်။ Norinco JWS-01 နှင့် Feilong 300A ဟုလည်း လူသိများကြပြီး ၎င်းသည် ကြိမ်နှုန်း အကွာအဝေး 2 - 16 GHz အတွင်း လုပ်ဆောင်နေသော ရေဒါစနစ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါစနစ်သည် မောင်းသူမဲ့လေယာဉ်များ၏သွင်ပြင်များကို ရေဒါဖျက်ဒုံးကျည်၏ တိုက်ခိုက်နိုင်စွမ်းနှင့် ပေါင်းစပ်ထားသည်။ ၎င်း၏ဖွဲ့စည်းမှုနှင့် လုပ်ငန်းလည်ပတ်မှု ဝိသေသလက္ခဏာများသည် အစ္စရေးထုတ် Harpy ဒရုန်းနှင့် လက်ရှိ အီရန်ထုတ် Shahed-136 ဒရုန်းကဲ့သို့သော တိုက်ခိုက်ရေးဒရုန်းစနစ်များနှင့်နှိုင်းယှဉ်လေ့လာကြည့်ပါက ဒီဇိုင်းအစိတ်အပိုင်းများနှင့် နည်းပညာဆိုင်ရာ တူညီမှုများကို တွေ့နိုင်မည်ဖြစ်သည်။ ASN-301 သည် Harpy ဒရုန်းထက်အလျားပိုတိုပြီး အကွာအဝေး စွမ်းဆောင်ရည် နည်းပါးသော်လည်း ပိုမိုမြင့်မားသော အမြန်နှုန်းနှင့် ကျစ်လျစ်ပေါ့ပါးစွာ တည်ဆောက်ထားခြင်းဖြစ်သည်။

ထုတ်လုပ်သူ၏အဆိုအရ ASN-301 သည် SEAD (ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဦးနှိမ်တိုက်ဖျက်ရေး)နှင့် DEAD (ရန်သူ၏ လေကြောင်းကာကွယ်ရေးစနစ်များကို တိုက်ခိုက်ဖျက်ဆီးရေး) မစ်ရှင်များထမ်းဆောင်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသော အီလက်ထရွန်နစ် တန်ပြန်စစ်ဆင်ရေးစနစ်တစ်ခုလည်းဖြစ်သည်။ ၎င်းသည် ရေဒါအခြေပြုလေကြောင်းရန် ကာကွယ်ရေးစနစ်များကို အဓိကပစ်မှတ်ထားပြီး တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံထုတ် loitering munitions တိုက်ခိုက်ရေးဒရုန်းတွင် အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုနှင့် တိကျမှုမြင့်မား ကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။

ဤသို့ ပြုပြင်ပြောင်းလဲမှုများသည် အနာဂတ်အခြေအနေများတွင် တိုက်ပွဲဝင်တုံ့ပြန်မှုစွမ်းရည်များကို အဆင့်မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ စစ်ရေးမဟာဗျူဟာများတွင် Loitering Munitions များကို ပေါင်းစည်းအသုံးပြုရန် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။

**China boosts combat power with ASN-301 loitering munition launcher vehicle after Ukraine war lessons ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖင်လန်နိုင်ငံ Summa Defense ကုမ္ပဏီက ယူကရိန်းကုမ္ပဏီများနှင့်ပူးပေါင်း၍ နိုင်ငံတွင်း၌ ဒရုန်းထုတ်လုပ်ရေးစက်ရုံတည်ဆောက်

ဖင်လန်နိုင်ငံ Summa Defense ကုမ္ပဏီသည် ယူကရိန်းနိုင်ငံ ကုမ္ပဏီများနှင့်ပူးပေါင်း၍ နိုင်ငံတွင်း၌ ဒရုန်းထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုလျက်ရှိသော ဒရုန်းများအတွက် ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန်၊ ဖင်လန်နှင့်ဥရောပတစ်လွှားတွင် စက်မှုလုပ်ငန်းသုံး ဒရုန်းများ ထုတ်လုပ်မှုကို မိတ်ဆက်ပေးရန် ရည်ရွယ်ထားကြောင်း ဖင်လန်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးနည်းပညာ အုပ်စု (Summa Defense Group) က ထုတ်ပြန်ခဲ့သည်။ ထုတ်လုပ်ရေး လုပ်ငန်းစဉ်များကို ၂၀၂၅ ခုနှစ် နှစ်ဝက်ပိုင်းခန့်တွင် စတင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

"ဒရုန်းနည်းပညာနဲ့ ပတ်သက်ပြီး ထုတ်လုပ်မှုစွမ်းရည် လိုအပ်ချက်က အတော်လေးမြင့်မားနေပါတယ်။ ဒရုန်းတွေကို ယူကရိန်းသာမက ဥရောပသမဂ္ဂနဲ့ NATO နိုင်ငံတွေကိုပါ ပို့ဆောင်ရောင်းချပေးသွားမှာပါ" ဟု Summa Defense ကုမ္ပဏီ၏ CEO ဖြစ်သူ Jussi Holopainen က ပြောကြားခဲ့သည်။

ဒရုန်းများသည် အရပ်ဘက်၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများ၊ အရေးပါသော လူမှုအသိုင်းအဝိုင်း ဆိုင်ရာလုပ်ငန်းဆောင်တာများအားလုံးလုံခြုံစေရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အမြဲတမ်းအသုံးအဆောင်တစ်ခုလို ဖြစ်လာတော့မည်ဟု Holopainen က ထောက်ပြပြောဆိုခဲ့သည်။

ထို့နောက် ယူကရိန်းနိုင်ငံမှ လုပ်ဖော်ကိုင်ဖက်ကုမ္ပဏီများဖြစ်သော Kort၊ Elf Systems၊ Skyassist ၊ ဖင်လန်နိုင်ငံရှိ MPS Development ကုမ္ပဏီတို့ ပူးပေါင်း၍ ဖက်စပ်လုပ်ကိုင်မည့် ဒရုန်းထုတ်လုပ်မှုအတွက် လုပ်ငန်းခွဲတစ်ခုကို တည်ထောင်သွားမည်ဖြစ်သည်။ Summa Defense ကုမ္ပဏီလက်အောက်ရှိ Summa Drones ကုမ္ပဏီခွဲသည် အဆိုပါဖက်စပ်လုပ်ငန်းတွင် အများစုပိုင်ဆိုင်ခွင့်ရှိမည်ဖြစ်သည်။



မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများအပြင် ကြည်းတပ်နှင့်ရေတပ်သုံး မောင်းသူမဲ့ မြေပြင်သွားယာဉ်များနှင့် မောင်းသူမဲ့ ရေယာဉ်များကိုပါ ထုတ်လုပ်သွားနိုင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အဆိုပါဒရုန်းများသည် ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖင်လန်နိုင်ငံ Summa Defense Group ထုတ်ကုန်စာရင်းဝင် တစ်စိတ်တစ်ပိုင်းဖြစ်လာမည့်မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများသည် ယူကရိန်းတွင် ၎င်းတို့၏ အရေးပါမှုနှင့် မဟာဗျူဟာမြောက် လုပ်ဆောင်နိုင်စွမ်းများကို ပြသထားပြီးဖြစ်သည်ဟု Holopainen က ထည့်သွင်းပြောကြားခဲ့သည်။

ဒရုန်းများသည် အရေးကြီးအခြေခံအဆောက်အအုံများကို ကာကွယ်ရန်နှင့် အရေးပေါ်ကယ်ဆယ်ရေးမစ်ရှင်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဖင်လန်နိုင်ငံတွင် ဒရုန်းထုတ်လုပ်ရေး အခြေခံအဆောက်အအုံ ထူထောင်နိုင်ခြင်းသည် ယူကရိန်းနှင့် နိုင်ငံတကာသို့ ဒရုန်းပံ့ပိုးရောင်းချပေးရေး ဖူလုံစေမည်ဖြစ်သည်ဟု Holopainen က မှတ်ချက်ပြုခဲ့သည်။

ယူကရိန်းပဋိပက္ခကြောင့် ဥရောပတွင်ဖောက်ခွဲရေးပစ္စည်းများ ဝယ်လိုအားမြင့်မားလာမှုကို တုံ့ပြန်သည့်အနေဖြင့် ဖင်လန်နိုင်ငံသည် ပြည်တွင်း၌ TNT ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံကိုဖွင့်လှစ်ရန် စီစဉ်နေသည်။ အဆိုပါအစီအစဉ်ကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ကြေညာခဲ့ပြီး တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း ထုတ်လုပ်မှုစတင်နိုင်တော့မည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ဖင်လန်နိုင်ငံသည် ယူကရိန်းအတွက် အလုံးစုံ စစ်ရေးအကူအညီ ယူရို ၂ ဒသမ ၃ ဘီလီယံထိ ပံ့ပိုးပေးအပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ၎င်း၏ ၂၅ ကြိမ်မြောက် အကူအညီပေးရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Summa Defence to Launch Drone Production for Ukraine in Finland ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses Union government meeting



Senior General Min Aung Hlaing addresses the Union government meeting.

**Nay Pyi Taw December 3**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this afternoon delivered an address at the Union government meeting at the meeting hall of the Office of the SAC Chairman in Nay Pyi Taw.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, union-level dignitaries, the Nay Pyi Taw Council Chairman, the Chief Minister of Chin State and officials together with chief ministers from regions and states through video conferencing.

**Implementation of roadmap and objectives for development of the nation**

First, the Senior General delivered an opening speech, saying that the SAC is implementing the Roadmap and objectives for the development of the nation. The five-point Roadmap represent the vision and political aspirations of the State, while the nine objectives are the policies of the State and summarize the duties of the government. These tasks are carried out either directly by government ministries or implemented directly by the State. For instance, regarding the political directive, "To strengthen a genuine, disciplined multi-party democratic system and to build a Union based on democracy and federalism," the activities must align with steps that contribute to building a Union system based on democracy and federal system. All regions and states are similarly structured, with responsibilities and authorities delegated at various levels. It is necessary to implement and execute these in a proper and effective manner. Rather than merely carrying out assigned duties based on the state or region, it is essential to actively address what should be done and appropriately implement actions to fulfill those responsibilities.

Similarly, the point " Priority will be given to the achieving peace as the essence of the state and stabilizing the results of the peace process in alignment with the agreements in the Nationwide Ceasefire Agreement (NCA) to the extent possible" highlights the responsibilities of the Union Government, as well as the actions required by relevant ministries. It also mentions the responsibilities of states and regions, along with tasks to be undertaken by respective departments. If such step-by-step efforts are carried out, the implementation of the political direction related to peace will become more effective. These examples demonstrate that each directive carries its own significance and relevance. The Union Government and regional governments are responsible for implementing these directives, and it is necessary to regularly review and assess the success or shortcomings of the tasks carried out.

**Need to make utmost efforts to have achievesuccess in assigned projects**

A government is subject to time limitations in carrying out its duties. Therefore, it must successfully fulfill its national responsibilities within the given timeframe. During our government's tenure, we faced and overcame challenges such as the COVID-19 pandemic and political crises. From those experiences, we must learn lessons and work towards progress. It is evident that economic growth remains slow and needs further improvement. According to the data, it is important not to be content with successes on paper but to ensure actual progress and achievements on the ground. If the data is inaccurate, it could lead to errors in the formulation of development plans for the country. Therefore, economic ministers and planning departments in the states and regions must carefully design realistic and practical plans that genuinely benefit the public. It is essential to thoroughly study and analyze the actual ground situation before implementing plans. Furthermore, the nation's financial resources should only be utilized in areas that can bring tangible benefits.

**Emphasize increased production to reduce commodity prices**

Regarding the economy, it has been observed that the prices of meat, fish, and basic food commodities are rising. Producers and business owners are urged to sell these basic commodities at reasonable and fair profit margins. By selling larger quantities with smaller profit margins, they can help alleviate the financial burden on the public and contribute to their welfare measures.

It is necessary for the Union-level, Regional, and State governments to systematically regulate rising prices. Efforts should be made with genuine intent to ensure fair and appropriate pricing while taking on the required challenges. It is also important to maintain a balance between national income and expenditure. To achieve this, production must be increased without fail to enable greater exports. The goal should be to double the current export levels. Additionally, employment opportunities should be created, and incentives should be provided to boost manufacturing industries to further increase production.

It is essential to ensure that sufficient resources are provided to create employment opportunities. Regarding production, efforts must be made to increase output as it is imperative, with "no alternative." Products must meet quality standards and be marketable. If products are similar, they should be priced competitively; if prices are the same, quality must be superior. By focusing on these two key aspects, success can be achieved. Therefore, Chief Ministers of regions and states, along with relevant ministries, are urged to deliberate and take action accordingly.

**The need for accuracy of data**

There is a need to emphasize the importance of the accuracy of numerical data. For example, it has been observed that the data on cotton in our country show a surplus, but there is a discrepancy between the data reported for export and the actual data. Similarly, there is an annual increase in rice production, but the quantity of rice exported differs from the reported figures. The data presented by regions and states should be verified by the relevant ministries to ensure that no errors occur in the numerical data. It is essential to ensure that the data presented to government officials aligns with the actual field outcomes and reflects the true situation on the ground.

**Development of green zone areas and building a green, thriving future for the nation**

Regarding the development of green and sustainable areas, it is necessary to establish Green Zone Areas across regions and states, with relevant authorities being required to take strict action. This is a vital task that must be meticulously managed, as failure to do so could lead to deforestation and climate change in the future. During the last rainy season, tree planting campaigns were carried out, and it is important to continue working to ensure that the planted trees survive and thrive. The government has already invested substantial time, money, and resources in promoting environmental sustainability, so it is essential to maintain and protect these efforts to ensure their success. In addition, tree planting and conservation efforts should be carried out along roadways and railways to ensure the survival of forests. Local administrators and responsible authorities must oversee and enforce these efforts at the regional and district levels. Roadside areas and railway lines should also comply with road laws and railway regulations to maintain order and sustainability. There has been a lack of consistent management in the past, and it is now crucial that the responsible parties act in accordance with regulations and standards to ensure that roadways and railway corridors meet established environmental criteria.

**Creating a country with productive capacity and expanding employment opportunities**

Regarding the issue of labor shortages, it has been observed from the reports of certain employers that approximately 70% of the country's population resides in rural areas, and around 50% have limited educational qualifications. Around 41% of the population is employed in agriculture, forestry, and fisheries. Therefore, it is crucial for us to create employment opportunities based on agricultural production in the current context. In countries with large populations with millions of people, the number of citizens working abroad may not be immediately visible, but it is noticeable that in countries with smaller populations, like ours, the trend has decreased significantly. As the available workforce decreases, it is necessary to ensure that people can access suitable employment opportunities with fair wages. Thus, it is important to create job opportunities in each region and state to promote local development. If the production capacity increases and supply and demand can be balanced,

See Page 13

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by deputy chairman of State Duma of Federal Assembly of Russian Federation



Senior General Min Aung Hlaing receives H. E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma of the Federal Assembly of the Russian Federation.

**Nay Pyi Taw December 3**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by H. E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma of the Federal Assembly of the Russian Federation, which paid a courtesy call on the Senior General at the credential hall of the Office of the Chairman of the SAC this morning.

Also present together with the Senior General were Secretary General Aung Lin Dwe and members General Mya Tun Oo and U Wunna Maung Lwin of the SAC, Chairman U Ko Ko of the Union Election Commission, union ministers Dr Kan Zaw, Dr Thida Oo, U Tin Oo Lwin and officials and the deputy chairman of the State Duma of the Federal Assembly of the Russian Federation was accompanied by Ambassador of the Russian Federation to Myanmar H.E. Mr. Iskander Azizov and delegation members.

They frankly exchanged views on growing long-standing friendship and cooperation between the two countries, exchanges of friendly visits by senior officers from the two countries, the firm stance of the Russian Federation concerning Myanmar political developments in the international area, Myanmar's strong position on political developments in the Russian Federation, preparation for free and fair elections in Myanmar, arrangements to invite election observers from the Russian Federation, cooperation in the legal sector, exchanges in religious and cultural matters, cooperation in the youth affairs, expansion of tourism and mutual trade, enhancement of technical cooperation in the manufacturing and agriculture sectors, production of fertilizer for agriculture, cooperation for industrial development and enhancement of cooperation in the electricity, manufacturing, energy and other sectors.

After the discussions, the Senior General and the deputy-chairman exchanged gifts and posed for group documentary photographs. 100

*From Page 12*

it will be possible to control commodity price inflation. This, in turn, can lead to improved exports, higher revenues, and a potential decrease in currency inflation.

**Domestic oil consumption security**

Regarding oil security, it has been emphasized that since 2021, 41 times have been raised regarding this issue. The economic policy also includes the objective of "Promoting the cultivation of oil crops to ensure domestic oil security, and working towards achieving the target goals, so that the country can not only achieve domestic sufficiency but also export oil." However, it has not yet been possible for us to ensure domestic consumption security. Concerning oil crops, it has not been possible to achieve the target goals, and therefore it is necessary to systematically find solutions and take actions to ensure success. If we seek and implement the right methods, success will be achievable. It is crucial that people are at the forefront, and the management and leadership of the people are of paramount importance.

**Need for consensus in implementing new projects**

Regarding the implementation of new projects, it is important to emphasize that generally, a consensus must be reached before proceeding with these projects. If the projects benefit the country, permission will be granted, and they should be completed within the specified timeframe. During the period of responsibility, only projects that can be effectively completed should be pursued, and it is essential to take responsibility for ensuring the successful completion of these projects.

Concerning the ministries involved in economic activities and production, while there are ministries that can generate profits, there are also those that have not achieved success. It is necessary to continue supporting those projects that benefit the country, while also reassessing and halting those that cannot generate profit. Regarding state-owned enterprises, the goal is to ensure they are beneficial and to encourage sound economic practices.

Then, the chairman of Nay Pyi Taw Council and chief ministers of regions and state who were attending the meeting reported to the Senior General on matters related to education, health, agriculture and manufacturing tasks.

**Additional instructions given**

After hearing the reports, the Senior General said it was found that agriculture and livestock products are distributed to the people at reasonable prices and rice sufficiency percentages were also reported. Not only the government but also everyone must exert effors for food security in respective regions and states. If food security ensured in regions and states, there will be no reason for rising basic food prices. Therefore, it is necessary to place emphasis on sufficiency of basic foodstuffs.

In connection with education, it is necessary to enable all school-aged children to go to school and study, to maintain full percentage passing rates, to take measures to allow all students to take examinations and to open schools safely. As primary and middle school teachers are first teachers for students, they are required to be competent. Steps will be taken to open polytechnic universities in respective regions and states.

As for the economy, industries based on cotton and bamboo must be established. As bamboo raw materials are abundantly available in regions and states, it will be beneficial for them to establish paper and pulp industries based on bamboo and it will also save foreign exchange spending of the country. In relation with rubber production, efforts must be made to produce rubber raw materials as well as rubber finished proudcts. Regions and states, where onions are cultivated, are required to expand onion acreage for exports as there are markets for the crop near the country. Ministries, regions and states are urged to fully collect taxes to ensure more spending for the country and the people.

Then, union ministers reported to the Senior General on their relevant sectors.

Afterward, the Senior General made concluding remarks by urging participants to make efforts to organize the upcoming national sport festival in accordance with its essence and to improve the sport standards in respective sports.

Similarly, a meeting of the National Economic Committee of the Republic of the Union of Myanmar was held at the meeting hall of the Office of the Chairman of the SAC this morning. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses International Day of the Persons with Disabilities, 2024






Vice-Senior General Soe Win applauds as the persons with disabilities give their performances.

**Nay Pyi Taw December 3**

International Day of the Persons with Disabilities (IDPD), 2024 was observed at MICC-II here this morning, addressed by Chairman of National Committee on Rights of Persons with Disabilities Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, deputy ministers, members of the national committee and work committees, representatives of international organizations, officials of Myanmar Federation of Persons with Disabilities, invited guests and officials.

In his speech, the Vice-Senior General said the 3rd of December was set as the International Day of the Persons with Disabilities to encourage support for the dignity, rights and well-being of persons with disabilities and promote understanding of disability issues, and since 1992, the Day is being globally observed under the leadership of UN every year. Myanmar held the IDPD for the first time in 1994 and the present one is the 31st anniversary.

The theme for this year's IDPD is "Amplifying the leadership of persons with disabilities for an inclusive and sustainable future."

Of the global population of 8200 million, 16 percent or over 1300 million are people with some kind of disability. Interim census shows that 12.8 percent or 5.9 million people of Myanmar's population are PWD. Hence, not only the world, but also Myanmar has a high proportion of PWD.

The entire mankind must find practical solutions for the issues and challenges of the PWD -- hardships, equal rights and cooperation. With sympathy, people should support the persons who have physical and mental disabilities to become able persons who can serve the interest of the world, despite their disability.

Hence, all must encourage PWD and enable them to take part in building an inclusive and sustainably developing human society. They must not be left behind. Based on their performance, PWD should be given in the leadership roles. Involvement of PWD will promote understanding of the diversity in society.

The Republic of Union of Myanmar signed the United Nations Convention on the Rights of Persons with Disabilities (UNCRPD) on 7 December 2011 and approved and promulgated the Rights of Persons with Disabilities Act, 2015 in 2017. The country set up the National Committee on Rights of Persons with Disabilities, and also formed the work committee and nine subcommittees to implement the policies and work programs adopted by the national committee.

In efforts to enhance the capabilities of people with disability, priority must be given to the education sector. A 2016 survey revealed that approximately 230,000 children with disabilities reside in the country, with two-thirds of them not attending school, and only 36 percent possessing basic literacy skills. As a result, it is crucial to focus more on education for people with disabilities in the future. Efforts are being made to ensure that people with disabilities can access basic education, receive vocational training, and participate in inclusive curricula and practices. Additionally, there is a concerted effort to train special education teachers and provide necessary technologies and teaching aids, enabling people with disabilities to learn on an equal footing with others.

To create a barrier-free environment, public spaces and buildings must be made accessible to people with disabilities. Arrangements should also be made to allow people with disabilities to travel on public transportation. Additionally, there is a need to provide sign language and presentations in news programs. An award is presented annually during the International Day of Persons with Disabilities commemoration ceremonies, recognizing efforts to ensure barrier-free travel for people with disability.

People with disabilities, like the general population, may not possess complete health, but they should be given opportunities to engage in activities that suit their functional abilities. By ensuring this, society can help reduce feelings of discouragement and inferiority among people with disability, empowering them to become capable individuals who can contribute to the world to the fullest extent of their abilities.

By participating in vocational activities, people with disabilities will gain both social and economic benefits, enabling them to live independently. It is crucial to recognize and accept that people with



Vice-Senior General Soe Win presents medal to a winner.

disabilities are capable individuals, and they should be included in organizations, particularly in positions where policies and decisions are made.

To achieve inclusive development for all people with disabilities, a disability classification and registration process is currently underway in 21 project townships. As of now, 5,937 individuals have been registered as disabled. It is essential to provide support and education to overcome negative attitudes and misconceptions surrounding people with disabilities.

In addition, people with disabilities are disproportionately impacted by natural disasters compared to the general population. As a result, it is crucial to address the specific needs of people with disability in disaster mitigation efforts. There is also a pressing need to expand the implementation of natural disaster drills and awareness programs that actively involve people with disability.

Cooperation between people with disabilities and organizations that provide services to them is crucial in delivering effective support. Additionally, it is essential to emphasize the need for working in compliance with the established laws, rules, and regulations.

*See Page 15*



Vice-Senior General Soe Win addresses the celebration of International Day of the Persons with Disabilities, 2024.

*From Page 14*

In line with the motto of this year's International Day of Persons with Disabilities, "Amplifying the leadership of persons with disabilities for an inclusive and sustainable future," he emphasized the importance of encouraging collaboration with individuals with disabilities. He stated that enhancing the leadership skills of people with disabilities, including them in leadership positions, and considering their perspectives and opinions are essential for helping them achieve their rights.

Later, Vice-Senior General Soe Win awarded medals, certificates of honor, and cash prizes to the first, second, and third place winners of the open division article contest held in commemoration of the International Day of Persons with Disabilities.

Then, SAC member Admiral Tin Aung San presented awards and certificates of honor to the winners of the Basic Education Level Essay Competition, also SAC member Lt-Gen Yar Pyae presented awards for barrier-free travel for the disabled. After that, Vice Chairman (1) of the National Committee Union Minister Dr. Soe Win presented awards and certificates of honor to students who participated in the Employment Opportunity Award and Essay Competition.

After that, a video message from the UN Secretary-General and a video recording commemorating the International Day of Persons with Disabilities were shown. U Thein Han Thu, Vice Chairman (2) of the National Committee and President of the Myanmar Federation of Persons with Disabilities, delivered a speech of thanks.

Then, members of the Federation performed a wheelchair dance to the song "A Song for Unity."

After that, children from Kyeemyindine School for the Blind performed a dance to the song "Sail of Strength," while children with disabilities from School the Deaf Children (Yangon) performed a dance to the song "Yay Ohh Yane."

Then, the Vice-Senior General presented awards and cash prizes to those who performed.

Later, the Vice-Senior General posed for a group photo with the attendees of the ceremony and toured the display of books, handicrafts, and commemorative photo galleries related to people with disabilities. 100



Vice-Senior General Soe Win visits a commemorative booth.

# Myinmu Township harvests over 1,000 acres of rain-fed rice

**Myinmu December 3**

A total of 1,208 acres of rain-fed rice planted in this year rain crops planting season in Myinmu Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing District.

In Myinmu Township, during this year's rain crops planting season, 13,692 acres of rain-fed rice were planted, and the rain-fed rice have been harvested since October this year. Till date, 1,208 acres have been harvested and the yield per acre is 84.77 baskets.

"For rain rice cultivation, the farmers can plant more than the allotted acres at this time. We provided the necessary technology and types of rain-fed rice for cultivation. We have conducted the field work so that farmers can plant rain rice on time," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The department offered agricultural technology, pest prevention education, crop protection strategies, and guidance on the timely storage of harvested rice under shelter to farmers in Myinmu Township.

206

# Death toll from southern Thailand floods rises to 25

**Bangkok December 3**

The death toll from severe flooding in southern Thailand has risen to 25, with six provinces remaining inundated as water levels gradually receded, the Department of Disaster Prevention and Mitigation reported on Tuesday.

Over 664,000 households in 10 provinces have been affected by heavy rainfall and flash floods since Nov. 22, and nearly 29,000 people have been evacuated to temporary shelters, the department said in a statement.

Thai Prime Minister Paetongtarn Shinawatra has instructed relevant agencies to step up disaster prevention and relief, preparing public health personnel, transportation, as well as machinery and equipment to assist people in the event of an emergency, according to deputy government spokesperson Sasikarn Watthanachan.

A moderate northeast monsoon combined with a low-pressure system moving across the lower South China Sea, southern Thailand and Malaysia is expected to bring isolated heavy to very heavy rains to the lower southern region, according to the Thai Meteorological Department.

Xinhua



People walk in flood water in Yala Province, Thailand, Nov. 27, 2024.

# Commentary: U.S. should stop acting as a supply chain buster



Guests communicate at the opening ceremony of the second China International Supply Chain Expo (CISCE) in Beijing, capital of China, Nov. 26, 2024.

**Beijing December 3**

In the global marketplace, two opposing forces are at odds: one determined to disrupt supply chains, and the other focused on strengthening and connecting them.

On Monday, the U.S. government placed 136 Chinese semiconductor-related firms on its export blacklist, effectively barring American companies from engaging in one of the world's most promising markets.

This bullying action undermines established market rules and the international trade order, while contradicting Washington's claimed stance of not seeking to decouple from China.

Far from protecting U.S. interests, these sanctions have actually created significant disruptions, causing concern among global tech firms, including those based in the United States.

A report from the Federal Reserve Bank of New York reveals the unintended consequences of these export controls, which were supposed to "safeguard U.S. companies." Instead, they led to supply chain disruptions, higher operational costs and diminished competitiveness in the market.

According to the report, "affected U.S. suppliers experienced a 130-billion-U.S.-dollar decline in market capitalization, along with reductions in profitability and employment."

Xinhua

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် နိုင်ငံတော်၏မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအလိုက် တိုက်ရိုက်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ နိုင်ငံတော်က တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”**ဆိုသည့်အချက်နှင့်ပတ်သက်၍ ၎င်းအပေါ်အခြေခံ၍ မိမိတို့လုပ်ဆောင်နေသည့်လုပ်ငန်းများသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ **တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှုဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။**

**တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လို၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှုဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည် ဖော်ဆောင်ရွက်သွားကြရန်လို. . .**

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့် စီမံကိန်းနှင့် ပြည်သူကိုအမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက်ရေးဆွဲရန်လို. . .**

အလားတူ **“တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”**ဆိုသည့်အချက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရခြင်းရှိသကဲ့သို့ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများက လုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ဌာနဆိုင်ရာအသီးသီးကလည်း ဆောင်ရွက်ရသည်များလည်းရှိကြောင်း၊ ထိုသို့အဆင့်ဆင့်ဆောင်ရွက်သွားမည်ဆိုပါက ငြိမ်းချမ်းရေးနှင့်ပတ်သက်သော နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း၊ ဦးတည်ချက်များကိုချမှတ်ရာတွင် တစ်ချက်ချင်းစီအလိုက် သက်ဆိုင်ရာဖော်ပြချက်များအားလုံးသည် အဓိပ္ပာယ်ရှိပြီးဖြစ်ကြောင်း၊ အဆိုပါအချက်များကို မိမိတို့ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှုရှိ၊မရှိ ပြန်လည်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း။

## မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များကို အားသွန်ခွန်စိုက် အောင်မြင်အောင် ဆောင်ရွက်ကြစေလို

အစိုးရတစ်ရပ်ဟူသည်မှာ တာဝန်ထမ်းဆောင်ရာတွင် အချိန်ကာလအရ ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့်ရရှိသည့်အချိန်ကာလအတွင်း ထမ်းဆောင်ရမည့် နိုင်ငံ့တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများက သင်ခန်းစာရယူ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်တိုးတက်အောင်မြင်မှုရှိရန်လိုကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် မှားယွင်းမှုများဖြစ်ပေါ်စေနိုင်ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့်စီမံကိန်းနှင့် ပြည်သူကိုအမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက်ရေးဆွဲရန်လိုကြောင်း၊** မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လိုကြောင်း။

## ကုန်စျေးနှုန်းများကျဆင်းရေးအတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ **အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်စျေးနှုန်းများကြီးမြင့်လာမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လိုကြောင်း၊ ပြည်သူများအားရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထုသက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။**

ကုန်စျေးနှုန်း ကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်စျေးနှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့်ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို ယခုထက်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် incentive များပေးရန်လိုကြောင်း၊ အလုပ်အကိုင်များ ဖန်တီးရာတွင် လိုအပ်သည့်သွင်းအားစုများကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုကိုမဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး **“မှတစ်ပါး အခြားမရှိ”**ကြောင်း၊ ထုတ်လုပ်

**အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရ၊ ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လို၊ ပြည်သူများအား ရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထု သက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေး. . .**

မှုများဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ဖြစ်ရန်လိုကြောင်း၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေး ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

## အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်မှု

ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန်ရေးနှင့်ပတ်သက်၍လည်း ထပ်မံပြောကြားလိုကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါများပိုလျှံမှုရှိသည်ဟု ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပြီး ပြည်ပသို့တင်ပို့ထားသည့် ကိန်းဂဏန်းအချက်အလက်နှင့် အမှန်တကယ်တင်ပို့ထားသည့် အချက်အလက်များ ကွဲလွဲနေသည်ကို တွေ့မြင်ရကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း နှစ်စဉ်ပိုလျှံမှုများရှိကြောင်း၊ သို့သော် ပိုလျှံသည့်ဆန်နှင့် ပြည်ပသို့တင်ပို့သည့် ဆန်ပမာဏ ကွာခြားနေကြောင်း၊တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်မှ တင်ပြသည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက စိစစ်ရခြင်းဖြစ်ပြီး ကိန်းဂဏန်းအချက်အလက်များအရ လွဲမှားမှုမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ထွက်ရှိသည့် အထွက်နှုန်းများနှင့် အစိုးရတာဝန်ရှိသူများထံသို့ တင်ပြသည့်အချက်အလက်များ ကိုက်ညီမှုရှိရန်နှင့် မြေပြင်အမှန်အတိုင်းဖြစ်ရန်လိုကြောင်း။

## Green Zone Area များ ဖော်ဆောင်ပြီး စိမ်းလန်းစိုပြည်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရေး

စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ပြီးခဲ့သည့်မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက အချိန်၊ ငွေကြေးနှင့် လုပ်အားအရင်းအနှီးများ များစွာ ကုန်ကျခံပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် အောင်မြင်မှုရှိအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာများတွင်လည်း သစ်ပင်သစ်တောများ ရှင်သန်မှုရှိအောင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုပြီး ဒေသအလိုက်၊ နယ်အလိုက် အနီးကပ်ရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍လည်း လမ်းမကြီးများဥပဒေ၊ မီးရထားလမ်းဥပဒေတို့နှင့်အညီ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ခေတ်အဆက်ဆက် ထိန်းသိမ်းကြပ်မတ်မှုအားနည်းခဲ့၍ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

## ကုန်ထုတ်လုပ်မှုစွမ်းအားရှိသည့် နိုင်ငံဖြစ်စေရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လို

အလုပ်သမားရှားပါးမှု ပြဿနာနှင့်ပတ်သက်၍ အချို့လုပ်ငန်းရှင်များ၏တင်ပြချက်များအရသိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်းအားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ လူဦးရေသန်းပေါင်းများစွာရှိသည့် နိုင်ငံများအနေဖြင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ကြသည့်ပမာဏမှာ မသိသာသော်လည်း မိမိတို့ကဲ့သို့ လူဦးရေနည်းပါးသော နိုင်ငံအတွက်မူလျော့သွားသည်မှာ သိသာကြောင်း၊ အလုပ်လုပ်ကိုင်မည့်စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့် အလုပ်အကိုင်နှင့် လုပ်ခလစာများရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြင့်တက်လာပြီး Supply နှင့် Demand




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

မျှအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်ပို့ကုန်များ တိုးတက်လာပြီး ဝင်ငွေတိုးတက်လာပါက ငွေကြေးဈေးနှုန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

## ပြည်တွင်းဆီစားသုံးမှု ဖူလုံရေး

ဆီဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ၂၀၂၁ ခုနှစ်ကတည်းမှစ၍ ၄၁ ကြိမ်တိုင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင်လည်း **“ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”**ကို ထည့်သွင်းချမှတ်ထားပြီး မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ ဆီထွက်သီးနှံများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို စနစ်တကျအဖြေရှာ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းလမ်းရှာ၍ လုပ်ဆောင်မည်ဆိုပါက ဖြစ်ထွန်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူသာလျှင် အရေးကြီးပြီး လူတို့၏ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုသည်အဓိက အရေးကြီးကြောင်း။

## စီမံကိန်းအသစ်များ ဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ရယူဆောင်ရွက်ရန်လို

စီမံကိန်းအသစ်များ ဖော်ဆောင်မှုနှင့်ပတ်သက်၍လည်း အနည်းငယ်ပြောကြားလိုပြီး စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်အတွက်အကျိုးရှိမည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့ တာဝန်ယူသည့် ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည့် စီမံကိန်းများကိုသာ ဆောင်ရွက်ကြစေလိုပြီး လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်လည်း တာဝန်ယူရန်လိုကြောင်း။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများလုပ်ဆောင်ရသည့် ဝန်ကြီးဌာနများနှင့်ပတ်သက်၍လည်း အကျိုးအမြတ်ကိုဖော်ဆောင်ပေးနိုင်သည့်ဌာနများရှိသကဲ့သို့ အောင်မြင်မှုမရှိသည့် ဌာနများလည်းရှိကြောင်း၊ နိုင်ငံအတွက် အကျိုးရှိမည့် လုပ်ငန်းများကို ဆက်လက် အားပေးရမည်ဖြစ်သကဲ့သို့ အကျိုးအမြတ်ဖော်ဆောင်ပေးနိုင်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ ရပ်တန့်သင့်က ရပ်တန့်သွားရန်လိုကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပါက အကျိုးရှိစေလိုပြီး စီးပွားရေးအရ တွက်ချက် ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအရစိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား ပြည်သူလူထုသို့သက်သာသော ဈေးနှုန်းများဖြင့် မည်ကဲ့သို့ ရောင်းချပေးလျက်ရှိသည်၊ဆန်ဖူလုံမှု၊ဆန်ဖူလုံမှုမည်မျှရှိသည်တို့ကို ရာနှုန်းများဖြင့် တင်ပြကြသည်ကိုတွေ့ရကြောင်း၊ ဒေသအလိုက်ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ အစိုးရက ဆောင်ရွက်ပေးမှမဟုတ်ဘဲ လူတိုင်းက လုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူလုံမှုများရှိနေသည်ဟုဆိုပါက အခြေခံစားကုန်များကုန်ဈေးနှုန်းကြီးမြင့်ရန်အကြောင်းမရှိကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်ဖူလုံရေးကို အဓိကထားဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့်ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း အပြည့်အဝရရှိအောင် ဆောင်ရွက်ရန်၊ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့်ကျောင်းများ အန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြဆရာ၊ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန်လိုအပ်ကြောင်း၊ ထို့ပြင်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ဝါနှင့် ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝါးကုန်ကြမ်းများ ပေါများစွာရှိသည့်အတွက် ဝါးကို အခြေခံသည့် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို သက်သာစေမည်ဖြစ်**ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ကုန်ကြမ်းသာမက ရော်ဘာကုန်ချောများ ထုတ်လုပ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ကြက်သွန်စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မိမိတို့နိုင်ငံ၏အနီးပတ်ဝန်းကျင်တွင် ဈေးကွက်ရှိပြီးဖြစ်သဖြင့် ကြက်သွန်ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိပြီး ပြည်သူလူထုနှင့်နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်ကို အနုစ်သာရရှိရှိကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားအမျိုးအစားများအလိုက် စံချိန်စံညွှန်းများတိုးတက်ကောင်းမွန်အောင်လည်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလားတူ နံနက်ပိုင်းကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးရာ ကော်မတီအစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Oolတို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ရင်းနှီးသည့်ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးအပြန်အလှန်သွားရောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ဘာသာရေးနှင့် ယဉ်ကျေးမှုများဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်နိုင်မှုအခြေအနေများ၊ လူငယ်ရေးရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများ၊ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများထုတ်လုပ်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Oolဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရုရှားနိုင်ငံတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကူညီပေးနိုင်ရေးကိစ္စနှင့် ဘာသာစကားများသင်ကြားနိုင်ရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ရုံး သတင်းနှင့်လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌကို လက်ခံတွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သော အဖွဲ့ကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ဒူးမားလွှတ်တော်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ဦးစွာ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်နှင့် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို အများပြည်သူ သိရှိနားလည်စေရန်အတွက် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ်သတ်မှတ်ပြီး ကုလသမဂ္ဂက ဦးဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၃၁)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်သည် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"** **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေသန်းပေါင်း ၈၂၀၀ အနက် ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၃၀၀ ကျော်သည် မသန်စွမ်းမှု တစ်မျိုးမျိုးရှိသူများဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည့် ၅ ဒသမ ၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြောင်းကို တွေ့ရှိရကြောင်း၊ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူဦးရေ အချိုးအစား ကြီးကြီးမားမားရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှရပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်မှု စသည့်စိန်ခေါ်မှုများကို လူသားအားလုံးက လက်တွေ့ကျအောင် ဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **လူလူချင်းတူသော်လည်း ဘဝကံကြမ္မာ အကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည်ပြည့်ဝသည့်၊ လောကအကျိုးကို သယ်ပိုးနိုင်သည့် လူသားတစ်ဦးဖြစ်လာအောင် ကူညီအားပေးကြရန်လိုအပ်ကြောင်း။**

ထို့ကြောင့် အားလုံးအကျုံးဝင်ပါဝင်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည်မျိုးမရှိအောင်၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး မသန်စွမ်းသူများကို ဦးဆောင်သည့်အခန်းကဏ္ဍများတွင် နေရာပေးဆောင်ရွက်ပေးကြရန်လည်း လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် နားလည်လက်ခံနိုင်စွမ်းကို ဖော်ဆောင်ပေးရာလည်း ရောက်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် **"မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD)"**ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ နှင့် နည်းဥပဒေများ ၂၀၁၇ တို့ကို အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ကိုးခုကို ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၆ ခုနှစ် လေ့လာဆန်းစစ်ချက်များအရ မသန်စွမ်းသူ ကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိပြီး အဆိုပါအထဲက ကလေးသုံးဦးတွင် နှစ်ဦးသည် ကျောင်းမတက်ကြဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေးစာဖတ်နိုင်ကြောင်း သိရကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မသန်စွမ်းသူများအတွက် ပညာရေးကို ပိုမိုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအပေါ် ခွဲခြားမှုမရှိသော သင်ရိုးညွှန်းတမ်းနှင့် အလေ့အကျင့်များ ကျင့်သုံးခြင်း၊ အထူးပညာရေး ဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သောနည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖြစ်စေရန်အတွက် အများပြည်သူဆိုင်ရာ နေရာများ အဆောက်အအုံများကို မသန်စွမ်းသူများ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ အများသုံးသယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများ လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ သတင်းအစီအစဉ်များတွင် Sign Languageနှင့် ပြသခြင်းများ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများတွင်လည်း မသန်စွမ်းသူများ အတားအဆီးမဲ့ခရီးသွားလာနိုင်အောင် ဆောင်ရွက်ပေးမှုအတွက် ဂုဏ်ပြုဆုကို

**စာမျက်နှာ ၂၀ သို့**

## လူလူချင်းတူသော်လည်း ဘဝကံကြမ္မာအကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည်ပြည့်ဝသည့်၊ လောကအကျိုးကို သယ်ပိုးနိုင်သည့် လူသားတစ်ဦးဖြစ်လာအောင် ကူညီအားပေးကြရန်လိုအပ်...



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဆိုကပြဖျော်ဖြေခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

နှစ်စဉ် ထည့်သွင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

မသန်စွမ်းသူများသည် အများနည်းတူ ရာနှုန်းပြည့် ကျန်းမာသန်စွမ်းမှု မရှိသော်လည်း ၎င်းတို့၏ ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် ကိုက်ညီသည့် လုပ်ရှားဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ပါဝင်လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးမည်ဆိုပါက မသန်စွမ်းသူများ၏ စိတ်အားငယ်မှု၊ သိမ်ငယ်မှုများ ပပျောက်စေပြီး မသန်သော်လည်း စွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် လောကကို တတ်အားသမျှ အကျိုးပြုနိုင်သူများဖြစ်လာအောင် အားပေးဂုဏ်ပြုမြှင့်တင်သွားကြရန် တိုက်တွန်းလိုကြောင်း။

မသန်စွမ်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုရေးပိုင်းဆိုင်ရာ အကျိုးဝင်မှုသာမက စီးပွားရေးအကျိုးဝင်မှုပါရရှိပြီး အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ကြောင်း နားလည်လက်ခံပြီး မသန်စွမ်းသူများကို အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ မူဝါဒနှင့် ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများတွင် တာဝန်ထမ်းဆောင်စေခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူအားလုံး လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၂၁ ခုတွင် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ၅၉၃၇ ဦး မသန်စွမ်းမှတ်ပုံတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများအပေါ်ထားရှိသည့် မကောင်းမြင်စိတ်နှင့် လွဲမှားသော အယူအဆအတွေးအမြင်များ ပပျောက်ရေးအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ကြရာတွင်လည်း မသန်စွမ်းသူများအနေဖြင့် အများတကာများထက် ပိုမိုထိခိုက်ခံစားရကြောင်း၊ ထို့ကြောင့် သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်္ကြာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးရာတွင် မသန်စွမ်းသူများကိုယ်တိုင်နှင့် မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးနေသည့် အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ ထို့ပြင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် အသိပေးပြောကြားလိုကြောင်း။

ယခုနှစ်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ချမှတ်ထားသော **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြင့်တင်ပေး"**ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည် မြင့်တက်စေခြင်း၊ ဦးဆောင်သည့်ကဏ္ဍများတွင် ပါဝင်စေခြင်းနှင့် မသန်စွမ်းသူများ၏ အမြင်နှင့်သဘောထားကို အလေးထားထည့်သွင်းပေးခြင်းတို့ဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။


မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့်သက်ဆိုင်သော အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလာရေး ဂုဏ်ပြုဆု ရရှိကြသူများကိုလည်းကောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလုပ်အကိုင်အခွင့်အလမ်း ဂုဏ်ပြုဆုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ **"စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"** သီချင်းနှင့်အတူ ဘီးတပ်ကုလားထိုင်ဖြင့် စွမ်းရည်ပြ ကပြဖျော်ဖြေကြသည်။

ယင်းနောက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကလေးငယ်များက **"စိတ်ဓာတ်ခွန်အားရှက်လွှင့်ထား"** တေးသီချင်းဖြင့်လည်းကောင်း၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)မှ မသန်စွမ်းကလေးများက **"ရေအိုးယိမ်း"** တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများ၏ လက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သီဆိုကပြဖျော်ဖြေခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့်သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရုရှားဒူးမားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




မန္တလေး ဒီဇင်ဘာ ၃

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနနှင့်ဌာနများမှ တာဝန်ရှိသူများအသင်းအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ မသန်စွမ်းသူများအသင်းများမှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်၍ အစဉ်အလာမပျက် ကျင်းပခဲ့ရာ ၃၁ ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ လူ့အခွင့်အရေး၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ပြည့်မီစွာရရှိစေရန်စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အတားအဆီး ကင်းသောပတ်ဝန်းကျင်၊ အလွယ်တကူ လက်လှမ်းမီရယူ အသုံးပြုနိုင်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ်အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့၏ဆောင်ပုဒ်ဖြစ်သည့် "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေးမသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး"နှင့်အညီ မသန်စွမ်းသူများ၏ ဘဝအခြေအနေမြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်ရစ်စေရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပြီး မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်း ပါဝင်ဆောင်ရွက်နေမှုကိုလည်း အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြိုလုပ်ရှားမှုပြိုင်ပွဲများတွင် အမြင်အာရုံမသန်စွမ်းဂိုးဘောလ်ပြိုင်ပွဲနှင့် အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ ကိုယ်အင်္ဂါမသန်စွမ်းစစ်တုရင်ပြိုင်ပွဲ၊ ဗီးချဲမီတာ ၅၀ ပြိုင်ပွဲဥာဏ်ရည်မသန်စွမ်း အမျိုးသား၊ အမျိုးသမီး မီတာ ၅၀လမ်းလျှောက်ပြိုင်ပွဲ၊ အကြားအာရုံမသန်စွမ်း အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုငွေများကိုချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဂုဏ်ပြုပြသော Video Clip အား ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစစ်မှုထမ်းဟောင်းအိမ်ရာခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် အေးသာယာမြို့ မင်းကျန်စစ်အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# မိုင်းပျဉ်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့်တံတားပြန်လည်ပြုပြင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် တာကော်လေးကျေးရွာအနီးရှိ မိုင်းပျဉ်း-မက်မန်းလမ်းပေါ်ရှိ နမ့်ခချောင်းကူးတံတားအမှတ်(၂/၃၄) ဝမ်တာခက်ဘေလီတံတားသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတား၏ ရေလယ်တိုင်အမှတ် P-3 တိုင်သည်ရေထဲသို့ ပြိုကျပျက်စီးသွားခဲ့ပြီး တံတားသည်လည်း နစ်ပေခန့် နိမ့်ဆင်းသွားခဲ့သည်။

အဆိုပါ ပျက်စီးခဲ့သည့်တံတားအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုရာ မိုင်းပျဉ်းမြို့နယ်လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာက တံတားပျက်စီးမှုအခြေအနေများနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မက်မန်းခရိုင် လမ်းဦးစီးဌာနက ဆောင်ရွက်နေသည့် မိုင်းပျဉ်း-မက်မန်းလမ်းအရှည် ၄၆ မိုင် ၇ ဖာလုံ လမ်း၊ တံတားလုပ်ငန်းများကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လှသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




# ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး၊ အခြားဖိတ်ကြားထားသည့်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာအရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အဆင့်မြင့်ကိုယ်စားလှယ်များ၊အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ကပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကိုဖတ်ကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားတိုင်းရင်းဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကော်မရှင် အကြီးအကဲ ပါမောက္ခ Yu Yanhongက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ညွှန်ကြားရေးမှူးချုပ်က Video Conferencing ဖြင့် အဖွင့်အမှာစကားပြောကြားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haichoကအဖွင့်မိန့်ခွန်းပြောကြား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Guozhong Liu က အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံအများမှ ကျန်းမာရေးဝန်ကြီးများ၏ မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆွေးနွေးရာတွင် နိုင်ငံ့ကျန်းမာရေးစနစ်တွင် တိုင်းရင်းဆေးဝါးများ၏အရေးပါမှု၊ ခေတ်မီအနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများပူးပေါင်း၍ အကျိုးရှိစွာအသုံးချနိုင်မှုအခြေအနေများ၊ တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ သုတေသနများ ပိုမိုဆောင်ရွက်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အများလက်ခံလာနိုင်မှုအခြေအနေများ၊ တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရေးပါမှုများ၊ တိုင်းရင်းဆေးဝါးနှင့်ပတ်သက်သည့် မူပိုင်ခွင့်ကိစ္စရပ်များ၊ ယုံကြည်စိတ်ချရ၍ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာတွင် ဆောင်ရွက်သင့်သည်များ၊ အနာဂတ်တွင် ဒေသတွင်းနိုင်ငံများအကြား အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်သင့်သည်များနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍတွင် အာဆီယံနိုင်ငံများ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိပြီး နိုင်ငံတကာမှ တိုင်းရင်းဆေးပညာရှင်များလာရောက်၍ ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တက်ရောက်ဆွေးနွေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
ကြေညာချက်
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်သည်-

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၇-၃-၂၀၂၅ တနင်္လာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | မြန်မာစာ |
| ၁၈-၃-၂၀၂၅ အင်္ဂါနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | အင်္ဂလိပ်စာ |
| ၁၉-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | သင်္ချာ |
| ၂၀-၃-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၂၁-၃-၂၀၂၅ သောကြာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ရူပဗေဒ/ သမိုင်း |
| ၂၂-၃-၂၀၂၅ စနေနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"စိတ်ကူးယဉ်ပလ္လင်ပေါ်က လေလှိုင်းအစိုးရရဲ့ ပညာရေးကို ယုံစားမိလို့ ဒုက္ခရောက်ရတဲ့လူငယ်များ"**ခေါင်းစဉ်ဖြင့် ၄-၁၂-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်





**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့်အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲ ပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။









အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက် သုံးဂိုးစီဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိသရေဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ရမှတ်(၈၀-၄၆)မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၉၄-၂၇)မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ်(၆၅-၄၃)မှတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် (၅၈-၄၈)မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ်(၈၂-၁၇)မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း(၃)၊(၄)တို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီသရေဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးတွင် ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးတွင် ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင်(အမျိုးသား၊ အမျိုးသမီး)၊ ဘိလိယက်၊ စနူကာ(အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု (အမျိုးသား၊ အမျိုးသမီး)၊ ခရစ်ကက်(အမျိုးသား)၊ ဘောလုံး (အမျိုးသား၊အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား၊ အမျိုးသမီး)၊ ဂေါက်သီး(အမျိုးသား)၊ ဂျူဒို(အမျိုးသား၊အမျိုးသမီး)၊ ကရာတေး (အမျိုးသား၊ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး)၊ ရေကူး(အမျိုးသား၊ အမျိုးသမီး)၊ စားပွဲတင်တင်းနစ်(အမျိုးသား၊ အမျိုးသမီး)၊ တိုက်ကွမ်ဒို(အမျိုးသား၊ အမျိုးသမီး)၊ တင်းနစ်(အမျိုးသား)၊ ရိုးရာခြင်းလုံး(အမျိုးသား၊ အမျိုးသမီး)၊ မြန်မာ့သိုင်း(အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား၊ အမျိုးသမီး)၊ အလေးမ(အမျိုးသား၊ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများ၊ မသန်စွမ်းအားကစားနည်းလေးမျိုးတွင် ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)၊ ရေကူး(အမျိုးသား၊အမျိုးသမီး)၊ ထိုင်လျက်ဘော်လီဘောနှင့် မျက်မမြင်စစ်တုရင်(အမျိုးသား၊အမျိုးသမီး)ပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆိုလာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများကို ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများဖြစ်သည့် (ဝဲ မှ ယာ) တရားခံ ဦးဇော်၊ လွင်ကိုနိုင်၊ ဦးမောင်၊ နိုင်ကောင်းထက်၊ ကျော်သက်ပိုင်၊ အောင်စိုးဦး၊ ဝင်းစိုးတို့၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေ ဆုံးရှုံးရခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်စေကာ ၎င်းဒေသအနီး ကျေးရွာများရှိ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ယခုနှစ် နိုဝင်ဘာ ၂၇ ရက် ည ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ တောင်ကုန်းအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသော ပျော်ဘွယ်မြို့နယ် ကြူတောဝကျေးရွာနေ ဦးဇော် ၅၂ နှစ် (ဘ)ဦးထွန်းကြည်နှင့် ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာနေသူများဖြစ်ကြသည့် လွင်ကိုနိုင် ၂၈ နှစ် (ဘ)ဦးအေး၊ ကျော်သက်ပိုင် ၂၂ နှစ် (ဘ)ဦးရဲသွေး၊ ဦးမောင် ၆၀ နှစ် (ဘ)ဦးညို၊ နိုင်ကောင်းထက် ၂၂ နှစ် (ဘ) ဦးအေးတို့ ငါးဦးကို တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူ သပြေပင်ကျေးရွာနေ တင်လင်း ၄၅ နှစ် (ဘ)ဦးမြိုင်၏နေအိမ်ကိုဝင်ရောက်စစ်ဆေးခဲ့ရာ တင်လင်းအား တွေ့ရှိခြင်းမရှိဘဲ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်သူများဖြစ်ကြသည့် အဆိုပါကျေးရွာနေ ဝင်းစိုး ၃၂ နှစ် (ဘ)ဦးလှသန်းနှင့် ညောင်အိုင်ကျေးရွာနေ အောင်စိုးဦး ၁၆ နှစ် (ဘ)ဦးအောင်ငွေဝင်းတို့ နှစ်ဦးကို နေအိမ်ခြံဝင်းအတွင်းမှ ရွှေပါသည်ဟုယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၃၅ ပိုင်း၊ သဲစာအိတ် အပိုင်း ၂၀၊ ဖြုန်းကျောက်များကြိတ်ရာတွင် အသုံးပြုသည့် ရိုက်ပြား ငါးပြားနှင့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ယင်းနေ့ ည ၆ နာရီခွဲတွင် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းအနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ရွှေပါသည်ဟုယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၁၅ ပိုင်း၊ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆိုလာပြား တစ်ချပ်၊ ဘက်ထရီအိုး တစ်လုံး၊ လက်ဆွဲမီးစက် တစ်လုံး၊ ဒီဇယ်အင်ဂျင် တစ်လုံး၊ ဒိုင်နမို တစ်လုံး၊ လက်တွန်းလှည်း တစ်စီး၊ SHAYAN-125 ဆိုင်ကယ် တစ်စီးပါ ဆိုင်ကယ်မျိုးစုံ ၁၃ စီးကိုလည်းကောင်း အသီးသီးတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။





တရားမဝင်ရွှေတူးဖော်မှုများမှ သက်သေခံပစ္စည်းများသိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးမှုများအတွင်း ဖမ်းဆီးရမိသည့် တရားမဝင်ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ပါ တရားခံ ခုနစ်ဦး၊ ဖမ်းဆီးရန်ကျန်တရားခံ တင်လင်းနှင့် တရားခံ (စိစစ်ဆဲ)များကို ရမည်းသင်းမြို့မ ရဲစခန်း၌ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က)ဖြင့် အမှုများအသီးသီးရေးဖွင့်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့များအနေဖြင့် ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ နိုင်ငံတော်ပိုင်ရွှေသတ္တုတူးဖော်ရေး လုပ်ကွက်များအတွင်းဝင်ရောက်၍ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းများ မဖြစ်ပေါ်စေရေး နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ သေဆုံးပြီး အမျိုးသား တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ သေဆုံးပြီး အမျိုးသား တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အကြမ်းဖက်သမားများခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၂ ရက်တွင် အကြမ်းဖက်သမားများသည် ကျေးရွာဝန်းကျင်မှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိကာ ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သိရသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "U Khin Zaw"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ ခင်ဇော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "ဇော်ကြီး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူတိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်နေ မောင်ဇော်(ခ)ဇော်ကြီးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Zay Zay" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ တင်သူရ(ခ)သန့်ဇင်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# ဖန်ဂယ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့



**နယူးဒေလီ ဒီဇင်ဘာ ၃**

ဖန်ဂယ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်သည် အိန္ဒိယနိုင်ငံတောင်ပိုင်းကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ပြီးနောက် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် အနည်းဆုံး လူဦးရေ ၂၀ သေဆုံးခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူပြည်နယ်နှင့် ပူဒူချယ်ရီမြို့တွင် ဒီဇင်ဘာ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး လူလေးဦး သေဆုံးခဲ့ကြောင်း၊ ဒီဇင်ဘာ ၂ ရက်က ရွာသွန်းခဲ့သော မိုးသည် အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံး မိုးရွာသွန်းမှုဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း အရှိန်ကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ချန်နိုင်းမြို့၏ အစိတ်အပိုင်းများ ရေလွှမ်းမိုးခဲ့သည့်အပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာသော မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါမြို့၏ လေကြောင်းခရီးစဉ်များကို ယာယီ ရပ်ဆိုင်းထားကြောင်း အိန္ဒိယနိုင်ငံ လေဆိပ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ထို့ပြင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် ချန်နိုင်းမြို့၏ လမ်းများရေနစ်မြုပ်နေသဖြင့် ရေဘေးသင့်ပြည်သူများကို စက်လှေများ အသုံးပြုကာ အိန္ဒိယတပ်မတော်သားများက ကယ်ဆယ်နေကြရကြောင်း သိရသည်။

အလားတူ ဆိုင်ကလုန်းမုန်တိုင်းဖန်ဂယ် တိုက်ခတ်မှုကြောင့် သီရိလင်္ကာနိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ကာ အိမ်ထောင်စုပေါင်း ၁၃၈၉၄၄ ဦးထိခိုက်ခဲ့ပြီး လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း ကိုလံဘိုမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေသတ်မှတ်

**ကင်ဘာရာ ဒီဇင်ဘာ ၃**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘရစ္စဘိန်းမြို့ကို ဒီဇင်ဘာ ၁ ရက်မှ စတင်၍ ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် ဘရစ္စဘိန်းမြို့တွင် ဒီဇင်ဘာ ၁ ရက်က မိုးရေချိန် ၅၀ မီလီမီတာ ရွာသွန်းခဲ့သဖြင့် ဘရစ္စဘိန်းမြို့ရှိ လမ်းမများတွင် ရေလွှမ်းနေပြီး မော်တော်ယာဉ်များ သွားလာ၍ မရတော့သည့် အခြေအနေဖြစ်ကြောင်း၊ ထို့ပြင် ရှိဆာလိုင်းနယ်မြေတွင် မိုးရေချိန် ၇၀ မီလီမီတာ၊ ဟော်လန်ပက်ခ်နယ်မြေတွင် မိုးရေချိန် ၇၇ မီလီမီတာ ရွာသွန်းခဲ့ကြောင်း၊ ထို့ကြောင့် ဂိုးလ်ကမ်းခြေတွင် မြစ်ရေလျှံတက်ကာ ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"နယူးဆောက်ဝေးပြည်နယ်မှာ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးရေချိန်မြင့်မားစွာ ရွာသွန်းနေပါတယ်။ မိုးရွာတာအချိန်မကြာပေမဲ့ မိုးရေချိန်မြင့်မားတဲ့အတွက် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်ကလဲ မိုးရွာသွန်းမှုတွေရှိခဲ့ပေမဲ့ ဒီဇင်ဘာ ၁ ရက်မှာ မိုးရွာသွန်းမှုနှုန်းက အရမ်းကို မြင့်မားခဲ့ပါတယ်"ဟု ဩစတြေးလျမိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်လ်ဟေးရက်စ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ရေအောက်ကြမ်းပြင်တွင် မိုင်းခွဲ၍ ရေနံတူးဖော်ရေးလုပ်ဆောင်မှုများကို ရပ်တန့်တော့မည်ဖြစ်ကြောင်း နော်ဝေအစိုးရက ထုတ်ပြန်ကြေညာ

**အော့စလို ဒီဇင်ဘာ ၃**

နော်ဝေနိုင်ငံတွင် ဒီဇင်ဘာ ၁ ရက်က အစိုးရအဖွဲ့မှ တာဝန်ရှိသူတချို့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများဖြင့် ဖွဲ့စည်းထားသော SV ပါတီမှ ကိုယ်စားလှယ်များကြား ရေအောက်ကြမ်းပြင်တွင် ရေနံတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ရေအောက်ကြမ်းပြင်တွင် မိုင်းခွဲ၍ ရေနံတူးဖော်ရေးလုပ်ဆောင်မှုများကို ရပ်တန့်သွားရန် သဘောတူညီချက် ရရှိခဲ့ကြောင်း နော်ဝေအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

နော်ဝေနိုင်ငံ၏ နယ်နိမိတ်အတွင်းရှိ အာတိတ်သမုဒ္ဒရာကြမ်းပြင်တွင် မိုင်းခွဲစနစ်ဖြင့် ရေနံတူးဖော်ရေးလုပ်ကွက် အမြောက်အမြားရှိနေပြီး အဆိုပါလုပ်ရပ်သည် ဂေဟစနစ်ကို ဆိုးရွားစွာပျက်စီးနိုင်ခြင်းကြောင့် SV ပါတီက အဆိုပါလုပ်ကွက်များကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မူလရည်မှန်းချက်အရ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ရေအောက်ကြမ်းပြင်တွင် မိုင်းခွဲစနစ်ဖြင့် ရေနံတူးဖော်ရေးကို ခွင့်ပြုသွားရန် စီစဉ်ထားသော်လည်း SV ပါတီဖြင့် ဆွေးနွေးခဲ့ပြီးနောက် အဆိုပါအစီအစဉ်ကို ရပ်ဆိုင်းလိုက်ကြောင်း နော်ဝေအစိုးရက ထုတ်ပြန်ခဲ့သည်။



"ရေအောက်ကြမ်းပြင်မှာ မိုင်းခွဲပြီး ရေနံတူးဖော်မဲ့ လုပ်ဆောင်မှုအားလုံးကို ရပ်ဆိုင်းလိုက်ပါပြီ"ဟု SV ပါတီနှင့် အစိုးရအဖွဲ့ကြား ဆွေးနွေးခဲ့မှုနှင့်ပတ်သက်ပြီး နော်ဝေဝန်ကြီးချုပ် ဂျိုးနက်စ်က တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂရိနိုင်ငံ ရိုးဒ်ကျွန်းတွင် မုန်တိုင်းဘိုရာတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခဲ့

**အေသင် ဒီဇင်ဘာ ၃**

ဂရိနိုင်ငံ ရိုးဒ်ကျွန်းတွင် မုန်တိုင်းဘိုရာတိုက်ခတ်မှုကြောင့် ကျွန်းပေါ်ရှိ အိမ်များ၊ လမ်းများ ရေလွှမ်းမိုးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံတစ်ဝန်းကို မုန်တိုင်းဘိုရာ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် နိုင်ငံ၏ နာမည်ကျော်ခရီးသွားဧည့်သည်များ လည်ပတ်ရာကျွန်းဖြစ်သော ရိုးဒ်ကျွန်းတွင် ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိအချိန်ထိ မိုးရွာသွန်းနေဆဲဖြစ်ပြီး နေအိမ်များ၊ လမ်းများ ရေလွှမ်းမိုးခဲ့ကာ အရောင်းအဝယ်လုပ်ငန်းများကို ပိတ်ထားရကြောင်း ကျွန်းအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့သည့်အပြင် အိမ်ထောင်စုပေါင်း ၆၅၀ ကျော် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူ ဦးရေ ၈၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂရိနိုင်ငံတစ်ဝန်းရှိ ရထားဝန်ဆောင်မှုများ အထူးသဖြင့် နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့ကို ပြေးဆွဲသော မီးရထားခရီးစဉ်များကို ရပ်ဆိုင်းထားကြောင်း သိရသည်။

မြေထဲပင်လယ်နိုင်ငံဖြစ်သော ဂရိနိုင်ငံတွင် မကြာခဏရေကြီးမှုနှင့် တောမီးများကြောင့် နိုင်ငံသူ၊ နိုင်ငံသားများတွင် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ရပြီး ဂရိနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုကြောင့် ပူပြင်းသောနေရာတစ်ခုဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# ဘရာဇီးနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးစီမံချက်အရ တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များဆောင်ရွက်မှုကိုဖမ်းဆီး

**ဘရာဇီးလီးယား ဒီဇင်ဘာ ၃**

ဘရာဇီးနိုင်ငံ ပါရာပြည်နယ်တွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားမဝင် ရွှေတူးဖော်ရေး လုပ်ကွက်များကို လိုက်လံဖမ်းဆီးနေကြောင်း ဘရာဇီးအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ လိုက်လံဖမ်းဆီးမှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူများလည်းပါဝင်ခဲ့ပြီး တရားမဝင် ရွှေတူးဖော်ရေး လုပ်ကွက်များ ဆောင်ရွက်သူများ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း၊ တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များတွင် ကျန်ရစ်ခဲ့သော ပစ္စည်းများအရ တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များ ဆောင်ရွက်နေသူများတွင် ဌာနေတိုင်းရင်းသားများလည်းပါဝင်နေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

တရားမဝင် ရွှေတူးဖော်ရေး လုပ်ကွက်များ အများဆုံးဆောင်ရွက်နေသည့်ဒေသမှာ မန်ဒူရူကူနယ်မြေဖြစ်ပြီး တာပါဂျို့စ်မြစ်ကြောင်း တစ်လျှောက်တွင် တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များကို အများဆုံးတွေ့ရှိရကြောင်း၊ မန်ဒူရူကူနယ်မြေတွင် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုနှုန်းမြင့်မားနေပြီး ရာဇဝတ်မှုဖြစ်ပွားသည့်နှုန်း မြင့်မားနေသည့် နယ်မြေလည်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးဌာနေတိုင်းရင်းသားမျိုးနွယ်စုများသည် ၎င်းတို့နယ်မြေအတွင်း တရားမဝင်မိုင်းတွင်းများ ဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အဟန့်အတားဖြစ်စေသည့် ဆောင်ရွက်မှုများကို ဆန့်ဖော်ထုတ်လေ့ရှိသော်လည်း ပါရာပြည်နယ်တွင် တရားမဝင်ရွှေတူးဖော်ရေးလုပ်ကွက်များ ဆောင်ရွက်မှု၌ ၎င်းတို့ကိုယ်တိုင်ပါဝင်နေသည့်သက်သေအထောက်အထားများ တွေ့ရှိခဲ့ရကြောင်း၊ ဌာနေတိုင်းရင်းသား ခေါင်းဆောင်တချို့က တရားမဝင်ရွှေတူးဖော်ရေးလုပ်ကွက်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော်လည်း ဆင်းရဲသောပြည်သူများအနေဖြင့် အစိုးရထံမှ ပံ့ပိုးမှုမရ၍ ဝမ်းစာအတွက် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်လာခြင်းဖြစ်သည်ဟု မှတ်ချက်ပြုထားကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတစ်ဝန်း တရားမဝင် ရွှေတွင်းများအနက် ၄၀ ရာခိုင်နှုန်းမှာ ဌာနေတိုင်းရင်းသားများက လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# ပျော်ပျော်ပါးပါး ပျော်ပွဲစား

ညိုမင်းညို



**ယမန်နေ့မှအဆက်**

စတီးထမင်းအိုးကြီးနှစ်လုံးနှင့် ငါးကြော်၊ ပဲနှပ်၊ ငရုတ်သီးကြော်အိုးတို့ကိုတော့ အန်တီငယ်က စီမံသည်။ ယမင်း၊ သက်ထားဦး၊ စိုးစိုးတို့က ဝိုင်းကူကြသည်။ မောင်ရေချမ်းတို့ ယောကျ်ားကလေးများကလည်း ထမင်းအိုးကြီးနှစ်လုံးကို ဝိုင်းသယ်ကြ၏။

အချိန်မှာ ဆယ်နာရီခန့်သာရှိသေး၏။ ထမင်းစားကြဖို့ စောလှပါသေးသည်။

''ဟာ နွေးနွေးကလေးကွ ဇိမ်ပဲ။ ရေပူစမ်းထက် တောင်မိုက်သေး''

စိုးသော်တာက ရေထဲပြေးဆင်းသွားပြီး မျိုးမြင့်ကို ပြုံးပြုံးကြီး လှမ်းပြောသည်။

စိုးသော်တာပင် စကားမဆုံးသေး။ မျိုးမြင့်တစ်ယောက် ရေထဲသို့ ဝုန်းခနဲပြေးဆင်းသွားသည်။ သူ့ရေပူစမ်းက အလွန်အေးဟန်တူသည်။ မျက်နှာကြီးရှုံ့မဲ့သွား၏။ စိုးသော်တာကား တဟားဟားရယ်လျက်။

ချောင်းအစပ်မှ အုပ်စုလိုက် ရေထဲလိုက်ဆင်းရန် ဟန်ပြင်နေသော သက်ထားဦးတို့အဖွဲ့လည်း တန့်သွားကြသည်။ ဆရာနှင့်တပည့်တို့၏ ကြည်နူးပျော်ရွှင်သော ရယ်သံများသည် နံဘေးက တောအုပ်ကလေးသို့ပါ ကူးစက်သွားလေသည်။

(၃)

ဆရာဦးတိုးက နံဘေးပတ်ဝန်းကျင်မှ သစ်ပင်ပန်းမန် ရေမြေတောတောင် သဘာဝတို့ကို ရှင်းပြနေသည်။

''ဟောဟိုမှာ ကြည့်ပါအုံးကွ။ သစ်ပင်တွေ အတုံးအရုံးနဲ့ ကွင်းပြောင်ကြီးဖြစ်နေတယ်။ အဲဒါ တောင်ယာခုတ်ထားတာပေ့ါ။ နောက်လလောက်ဆိုရင် ခြောက်ခြောက်သွေ့သွေ့ဖြစ်ပြီဆိုတာနဲ့ မီးရှို့ကြတော့မှာ”

ဆရာဦးတိုးက စိမ်းမှောင်နေသော တောင်တန်းကြီးများ၏ ခါးပန်းတွင် ဟိုတစ်ကွက် သည်တစ်ကွက် ပေါ်နေသည့် ညိုမှိုင်းမှိုင်းနေရာများသို့ ညွှန်ပြရင်း တပည့်များကို ရှင်းလင်းသင်ပြနေသည်။

''အဲဒီလို မီးရှို့လိုက်ရင် ပြောင်သလင်းခါသွားမှာပေ့ါဆရာ''

စိုးသော်တာက တအံ့တသြပြောသည်။

''ဒါပေ့ါ။ ငါတို့ဆို ကျောင်းပိတ်ရင် အဲဒီလို တောင်ယာအဟောင်းမှာ ထင်းသွားထမ်းရတာ၊ ထင်းသားကောင်းတယ်၊ ခြောက်တယ်၊ မီးကျီးလဲ ကောင်းတယ်''

မောင်ရေချမ်းက အတွေ့အကြုံနှင့်ယှဉ်၍ ဖြေသည်။ စိုးသော်တာ ဆက်မေးသည်။

''ဒါဆို နှစ်တွေကြာလာရင် သစ်ပင်တွေ ကုန်သွားမှာပေ့ါ''

သည်မေးခွန်းကျတော့ မောင်ရေချမ်း မဖြေတတ်။ အတွေ့အကြုံလည်းမရှိ။ ဆရာ့ကိုသာ မော့ကြည့်ဖြစ်သည်။

''မှန်တယ်ကွ။ တဖြည်းဖြည်း ကုန်သွားမှာပဲ။ အနေးနဲ့အမြန်ပေ့ါလေ။ အခုတောင် ဆရာတို့ မြို့ကလေးကို ရာသီဥတုပူလာပြီလို့ လူတွေ ပြောနေကြတယ်မဟုတ်လား။ တောင်ယာတွေခုတ်တာက မကောင်းဘူး။ မခုတ်သင့်ဘူးမှန်ပေမဲ့ တစ်ဖက်ကကြည့်ရင် ဒေသခံတွေအတွက် အစားထိုးအခွင့်အလမ်းက လိုပြန်သေးတယ်''

ဆရာက ဆက်မပြောသေးဘဲ ခဏရပ်ထားသည်။ မောင်ရေချမ်းတို့ နားလည်နိုင်စွမ်း ရှိ၊ မရှိ ချိန်ဆနေဟန်တူသည်။

''တကယ်တော့ တောင်ယာစိုက်တယ်ဆိုတာလဲ ပင်ပန်းကြရှာပါတယ်။ မင်းတို့ကြည့်လေ၊ သစ်ပင်ကြီးတွေကို အများကြီးခုတ်လှဲရတယ်။ မီးရှို့ရတယ်။ တောစောင်းတောင်ကြော တစ်လျှောက် စပါးစေ့လေးတွေကို တစ်စေ့ချင်း စူးထိုးပြီး စိုက်ပျိုးရတယ်။ လွယ်တာတော့ မလွယ်ဘူး၊ လုပ်အားတွေ၊ ခွန်အားတွေ အများကြီးစိုက်ထုတ်သုံးစွဲရတယ်''

''ဆရာ တောင်ယာအကွက်တွေက ဘာဖြစ်လို့ အများကြီးဖြစ်နေတာလဲ''

ပိုင်မင်းဌေးက ဝင်မေးသည်။ သူက ကျောင်းလက်ရွေးစင် (လေးပေကိုးလက်မအသင်း) ဘောလုံးသမား။ ဘောလုံးအကြောင်းကလွဲလျှင် မေးခဲသည်။

''ရွှေ့ရွှေ့စိုက်ရတာကိုး တပည့်ရဲ့။ တောင်ယာတစ်ကွက်က အလွန် ဆုံး စိုက်လို့ရရင် သုံးနှစ်ပဲ၊ ပြီးရင် နေရာပြန်ရွှေ့ရတယ်၊ သူက သဘာဝမြေဆီမြေနှစ်တွေကို အကုန်စုပ်ပြီး သုံးပစ်လိုက်တာ၊ သုံးနှစ်လောက်ဆို မြေက ကောသွားပြီ။ စိုက်မရတော့ဘူး။ နောက်တစ်နေရာထပ်ရွှေ့ပြီး အပင်တွေ ပြန်ခုတ်ပေ့ါ။ အညာတို့၊ မြစ်ဝကျွန်းပေါ်တို့က လယ်တွေနဲ့တော့ မတူဘူးပေ့ါလေ၊ ဒါကြောင့်လဲ တောတွေပြုန်းကုန်တာပေ့ါ"

ဆရာဦးတိုး ရှင်းပြတာကို နားထောင်ပြီး မောင်ရေချမ်းတို့ အတွေးနက်နေကြသည်။ ဆရာဦးတိုးက ကဗျာစာပိုဒ်တစ်ပိုဒ်ကို ခပ်တိုးတိုးရွတ်သည်။

"တောပင်ကို တော်တော်ခုတ်ကြ
တောပြုတ်လိမ့် နောက်နောင်
တောပြုတ်လို့ တောပြောင်
မိုးခေါင်တော့မှာပဲ
မိုးခေါင်လို့ ရေမကြွယ်
သဲပင်လယ် ဖြစ်လိမ့်မလွဲ"

ဆရာဇော်ဂျီ၏ကဗျာတစ်ပုဒ်မှ ဖြစ်သည်။ သစ်တောသစ်ပင်များကို စည်းကမ်းမဲ့ခုတ်ယူမှုကြောင့် သစ်တောများပြုန်းတီးပြီး မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မြေဆီလွှာခန်းခြောက်ခြင်းများဖြစ်ပွားကာ နောက်ဆုံးတွင် သဲပင်လယ်၊ သဲကန္တာရကြီးထိဖြစ်သွားနိုင်ကြောင်း ဆရာဦးတိုးက ကဗျာ၏ အနှစ်သာရကို ထိထိမိမိ ရှင်းပြသည်။

နေရောင်က တဖြည်းဖြည်း ဝင်းပပူပြင်းလာသည်။ တောင်စောင်းတချို့မှ မီးခိုးလေးတွေ တလူလူလွင့်တက်နေတာကိုလည်း တွေ့ရသည်။ ထမင်းစားကြဖို့ အန်တီငယ်က လှမ်းခေါ်သည်။

''နေကြအုံးကွ။ ဖက်ဝင်းရွက်တွေ သွားခူးရမယ်"

ဆရာဦးတိုးက ရှေ့မှဦးဆောင်ခေါ်သွားသည်။ သိပ်ကြာကြာ မသွားလိုက်ရပါ။ စမ်းချောင်းကလေး၏ အဖျားပိုင်းအကွေ့ကလေးတွင် ငှက်ပျောပင်များနှင့် အတူ ဖက်ဝင်းပင်နှစ်ပင်ကို တွေ့ရပါသည်။ ဖက်ဝင်းပင်သည် အလွန်ရေကြိုက်သော အပင်မျိုးဖြစ်၏။ ရေစပ်စပ်တွင် ပို၍ပေါက်အားကောင်းသည်။ သည်အပင်ကို မောင်ရေချမ်းကောင်းကောင်းသိသည်။ မီးစိုက်၍ ကောင်း၏။ အသားက စင်းနေသည်။ ပွတာလည်းမဟုတ်၊ မာတာလည်းမဟုတ်ဘဲ အနေတော်ဖြစ်သည်။ မနိမ့်မမြင့် အပင်ပေါ်တက်ပြီး ဖက်ဝင်းရွက် ခူးချပေးလိုက်သည်။ ပန်းကန်ဝိုင်းကြီးတွေနှင့်တူသည်။ တစ်ယောက်တစ်ရွက်ဆိုလျှင် ထမင်းတွေရော၊ ဟင်းတွေရော ပုံပါလိမ့်၊ စားပါလိမ့်။

စိုးသော်တာက ဖက်ဝင်းရွက်တစ်ရွက်ကို ကန်တော့ပုံချိုးကာ မျိုးမြင့်ခေါင်းကို စွပ်ပေးလိုက်ပြီး တဟားဟား အော်ရယ်နေသည်။

(၄)

အန်တီငယ်က မနီးမဝေးရှိခြံတစ်ခြံမှ မုန်ညင်းရွက်တွေ ဝယ်လာသည်။ အမျိုးစုံ၏။ အဖျားပိုင်းတွင် အချွန်အတက်ကလေးများနှင့် အလွန်ဆိမ့်သော အရသာရှိသည့် ကြက်ဆိတ်မုန်ညင်းပါသည်။ ကိုက်လန် အဖူးကလေးတွေလည်းပါသည်။

''မငယ်ရေ ခပ်လှမ်းလှမ်းမှာ မွှေးဟော့။ စမ်းချောင်းကလေးအနား ပေပွကုန်မယ်''

ဆရာဦးတိုးက သတိပေးသည်။ မောင်ရေချမ်းတို့တစ်တွေ အန်တီငယ့်ကို ဝိုင်းကူကြသည်။ ကြိုတင်ပြင်ဆင်လာသည့် ငါးကြော်၊ ပဲနှပ်၊ ငရုတ်သီးကြော်တို့ကို မုန်ညင်းဟင်းရည်ချိုချိုကလေးနှင့် တွဲဖက်လိုက်သည့်အခါ အလွန်စားကောင်းလိမ့်မည်။ သွားလာ၊ လှုပ်ရှားထားသဖြင့် ဆာလည်းဆာနေကြပြီ။

ထမင်းစားဖို့ ဝိုင်းထိုင်လိုက်ကြမှ ကျောင်းသူကလေးနှစ်ယောက် လိုနေတာ သိကြရသည်။ လွင်ဥမ္မာနှင့် မြဥမ္မာ အမွှာညီအစ်မကလေးနှစ်ယောက်ဖြစ်သည်။ အားလုံးထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။အန်တီငယ်မှာ မျက်စိမျက်နှာပျက်နေရှာပြီ။ အသားဖြူသော ဆရာဦးတိုးမှာ တပည့်မကလေးနှစ်ယောက်အတွက် စိတ်ပူရှာသဖြင့် မျက်နှာကြီးပင် နီမြန်းလာသည်။ ချွေးတွေလည်း ပြန်နေပါသည်။

မောင်ရေချမ်းတို့ အနီးနားဝန်းကျင်တစ်ဝိုက် လှည့်ခွဲပြီးဝိုင်းရှာကြသည်။ ချောင်းစပ်တွင် ထမင်းများ ဟင်းများပုံထည့်ထားသည့် ဖက်ဝင်းရွက်နှင့် ထမင်းပွဲကလေးများ သည်အတိုင်း ကျန်ရစ်ခဲ့သည်။

သူတို့ နှံ့နှံ့စပ်စပ်ရှာကြသော်လည်း လွင်ဥမ္မာနှင့် မြဥမ္မာကို အရိပ်အယောင်မျှမတွေ့။ စမ်းချောင်းကလေးကတော့ ခပ်တိမ်တိမ်မို့ စိတ်မပူပါ။ တောနက်ထဲထိရောက်သွားပြီး မျက်စိလည်ကာ ပြန်မလာတတ်မှာကိုသာ စိုးရိမ်မိကြသည်။

တော်ပါသေးသည်။ လီဆူအမျိုးသား၊ အမျိုးသမီးကြီးနှစ်ဦးတို့ကလွင်ဥမ္မာနှင့် မြဥမ္မာတို့ကိုပြန်ခေါ်လာကြသည်။ အဘိုးကြီး၊ အဘွားကြီး နှစ်ဦးစလုံးမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည်ထင်သည်။ သူတို့ခြံ အတွင်းဘက်ထိရောက်လာပြီး ပြန်မထွက်တတ်တော့သဖြင့် စုံစမ်းပြီး လိုက်ပို့သည်ဟု ဆိုပါသည်။ အမွှာညီအစ်မလက်ထဲတွင် သစ်ခွပန်းလှလှကလေးတွေပါသည်။ မျက်နှာကလေးကတော့ ပုံမှန်သာ။ ကြောက်ရွံ့ထိတ်လန့်နေဟန် မတွေ့ရပါ။

ဆရာဦးတိုးက ကျေးဇူးတင်ရှိပါကြောင်း ဂရုတစိုက်ဖြင့် တလေးတစားပြောသည်။ ပါလာသည့်စားစရာတချို့ကိုလည်း လက်ဆောင်ကမ်းပေးပါသည်။

လွင်ဥမ္မာနှင့် မြဥမ္မာသည် သစ်ခွပန်းကလေးတွေ လိုက်ကြည့်ကြရင်း တောထဲသို့ ရောက်မှန်းမသိရောက်ပြီး ကျွံမှန်းမသိကျွံဝင်သွားသည်ကို ကိုယ့်အစုလေးတွေနဲ့ကိုယ် စိတ်ဝင်စားစရာ ကိုယ်စီနှင့် ဆိုသောကြောင့် ကျန်သူများက သတိမထားမိလိုက်ကြခြင်းဖြစ်သည်။

သူတို့ကို လီဆူအဘိုးကြီးက အရင်တွေ့ပြီး မိန်းကလေးငယ်များ ဖြစ်ခြင်း၊ လက်ဝတ်ရတနာလေးများပါခြင်းတို့ကြောင့် ချက်ချင်းကပ်မလာသေးဘဲ သူ့ဇနီးသည်ကိုခေါ်ပြီးမှသာ အနီးအနားသို့ တိုးကပ်လာသည်ဟု ဆိုပါသည်။ ကြင်ကြင်နာနာပြောဆိုဆက်ဆံ၍ ပြန်လိုက်ပို့ပေးခြင်းဖြစ်ပါသည်။ သစ်ခွပန်းကလေးတွေလည်း ခူးပေးလိုက်ကြ သေးကြောင်း ဆိုပါသည်။

ဆရာဦးတိုး၏မှတ်ချက်စကားဆိုသံတွင် ချမ်းမြေ့ကြည်သာသော ခံစားချက်တို့ လွှမ်းခြုံလျက်ရှိနေပါသည်။

''အေးကွယ်။ ဒီမြို့ကလေးက ရာသီဥတုအေးချမ်းရုံတင်မကဘူး။ လူတွေရဲ့ စိတ်နေစိတ်ထားကလဲ အလွန်ရိုးဖြောင့်တာပါကလား''

# ငပုတောမြို့နယ် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧကကို ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံကို ငပုတောမြို့တွင် ၂၆၉၈ ဧက၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂၄၉၉ ဧက၊ ငရုတ်ကောင်းမြို့တွင် ၇၂၈ ဧက စုစုပေါင်း ၅၉၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ရှိတဲ့ ဒေသခံတောင်သူတွေက စပါးအပြင် စားဖိုဆောင်သီးနှံတွေကိုလဲ စိုက်ပျိုးလျက်ရှိတယ်။ ဒီနှစ် စားဖိုဆောင် သီးနှံ ၅၉၂၅ ဧက စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထား ဧကပြည့်မီအောင် စိုက်နိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ စားဖိုဆောင်သီးနှံကတော့ ဒေသခံတောင်သူတွေကသူတို့ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း ဝင်ငွေကောင်းတဲ့သီးနှံတွေကို အဓိက စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧကကို ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာခွဲ ၁၈ ရွာမှ ဒေသခံတောင်သူများမှ အများဆုံး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧကတွင် ငရုတ်ကောင်း၊ မုန်လာ၊ နံနံ၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ချဉ်ပေါင်၊ သခွား၊ ဘူးသီး၊ ရွှေဖရုံသီး၊ ပိန်းဥ၊ ကျောက်ဖရုံသီး၊ ကြက်ဟင်းခါး၊ ဆလပ်စသည့် သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းကင်းမြို့နယ် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မတ်ပဲ ဧက ၂၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မတ်ပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးနိုင်ဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှု အနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်စေဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ၊ပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။



ယခုနှစ် မင်းကင်းမြို့နယ်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် သက္ကယ်ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မိသားစု စားဝတ်နေရေး အခက်အခဲများကိုဖြေရှင်းပေးရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၇၇ သိန်း ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သက္ကယ်ချင်းကုန်း ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၄၅၂ ဒသမ ၅သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၂၁ သိန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၃ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

## နိုင်ငံ့ကာကွယ်ရေး

– တို့နိုင်ငံ ကာကွယ်မနေး
သာယာရေး ပါဝင်ပါ၊
ပြည်သူတွေ အန္တရာယ်ကင်း
ကောင်းခြင်းကျန်းမာ၊
အတူလက်တွဲ တိုက်ဖျက်ကာ
ပြည်ဖျက်တွေဟာ လွင့်စဉ်ဖို့၊
ကာကွယ်ရန် အချိန်လေးစား
သွားကြပါစို့။

– အတွေးခေါင် လမ်းမှားနဲ့
လမ်းမှားများ ရောက်တတ်သည်၊
မမြင်နိုင် သူပုန်များ
ဆိုးရွားလျက်တည်၊
လိုက်နာပေး စည်းကမ်းညီ
မြန်မာပြည် ပြည်သူအပေါင်း၊
ကာကွယ်သော် ပျက်စီးခြင်းမှ
ကင်းစင်ပါကြောင်း။

– တစ်ဦးချင်းစီ အလှည့်ကျ
ကာကွယ်ကြ အချိန်မှန်၊
သက်ဆိုင်ရာ စစ်ဌာနနဲ့
ဆွေးနွေးကြရန်၊
နိုင်ငံအဝန်း သူပုန်မကျန်
တို့တွန်းလှန် တိုက်ဖျက်သွား၊
သူပုန် အမြစ်ဖြုတ်လို့
ရှင်းထုတ်စို့လား။ ။

**မောင်စစ်သွေး**

# တန့်ယန်းမြို့နယ် ဟိုနားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဟိုနားကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာ နခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဟိုနားကျေးရွာ၌ လမ်းအရှည် ၁မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် မြေသား ၂ပေ၊ သဲဖြူန်းကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

ဟိုနားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၆၀၀ ကို အသုံးပြုကာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# မသန်စွမ်းသူ လက်တွဲကူ လူသားချင်းအတူတူ

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားအချင်းချင်း စာနာစိတ်ထားဖြင့် ဖေးမကူညီခြင်းသည် အလွန်မွန်မြတ်သည့် ဆောင်ရွက်ချက်ဖြစ်သည်။ အထူးသဖြင့် မသန်စွမ်းသူကို သန်စွမ်းသူများက ပြည့်ပြည့်ဝဝ ကူညီမှုသည် လောက၏ပန်းချီတစ်ခုဟုဆိုချင်သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ မသန်စွမ်းသောအဖြစ်မျိုးကို လိုလားကြမည်မဟုတ်သော်လည်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသည့်အဖြစ်သို့ရောက်ရှိကြရခြင်းဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်တွင် မသန်စွမ်းသူတစ်စုံတစ်ယောက် တွေ့မြင်ရပါက မိမိအနေဖြင့် မည်သို့ကူညီရမလဲဟူသော အတွေးဖြင့် ကူညီပေးခြင်းမှာ သူလည်းဝမ်းသာ ကိုယ်လည်း ကြည်နူးပီတိဖြစ်ရသည်။ မြန်မာနိုင်ငံတွင် နေထိုင်ကြသူအများစုမှာ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားကြသူများဖြစ်ကြသည်။

နေ့စဉ်လူမှုဘဝ သွားလာလှုပ်ရှားပြောဆိုဆက်ဆံမှုများတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားတို့ဖြင့် လွှမ်းခြုံနေမည်ဆိုပါက ပျော်စရာလူမှုပတ်ဝန်းကျင်တစ်ရပ်ဖြစ်နေပေလိမ့်မည်။ မေတ္တာစေတ်သည် ကြည်နူးချမ်းမြေ့အေးမြလှသည်။ လူ့ဘဝကိုရလာသူ လူသားအချင်းချင်း မသန်စွမ်းသူကို သန်စွမ်းသူများက ကူညီမှုပြုကြရမည်ဖြစ်သည်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ချို့ယွင်းခြင်း၊ အကြားအမြင်ချို့ယွင်းခြင်းမှသည် သာမန်လူများကဲ့သို့ စွမ်းဆောင်ရည်နည်းပါးသူတို့မှာ မသန်စွမ်းသူများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်သည်ဟု လေ့လာတွေ့ရှိချက်အရ သိရသည်။ ကမ္ဘာပေါ်တွင်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူဦးရေဖြစ်ကြောင်း ဖော်ပြထားသည်။ မသန်စွမ်းသူများနှင့် ပတ်သက်သော အရေးအရာကိစ္စများသည် နိုင်ငံတိုင်းအတွက် အလေးအနက်ထားရမည့် လူ့အခွင့်အရေးများဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပသည့် ညီလာခံ၌ မသန်စွမ်းသူများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်ရရှိမှုတို့ တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးသော မသန်စွမ်းရပိုင်ခွင့်ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာနည်းဗျူဟာကို ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"**အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင် ၃၁ ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် နှစ်စဉ်ဆောင်ပုဒ်များ သတ်မှတ်ပေးလျက်ရှိရာ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" (Amplifying the Leadership of persons with disabilities for an inclusive and sustainable future ) ဖြစ်သည်။ အနာဂတ် တွင် အားလုံးရေရှည်တည်တံ့ရေး ဟူသည့်အဓိပ္ပာယ် မှာ များစွာလေးနက်လှသည်။ မသန်စွမ်းသူများ အပါအဝင် လူသားအားလုံးအတွက် ရေရှည်တည်တံ့မှုကို ရရှိရန် လိုအပ်လှသည်။ အဆိုပါရေရှည်တည်တံ့မှုအတွက် ပန်းတိုင်သုံးခုရှိပေရာ ၎င်းတို့မှာ စီးပွားရေးတိုးတက်မှု၊ လူသားအားလုံးပါဝင်မှုနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုတို့ဖြစ်သည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် လက်မှတ်ရေးထိုးပါဝင်ခဲ့သည်။ မသန်စွမ်းသူများကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင်နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အာဆီယံမဟာဗျူဟာလုပ်ငန်း အစီအစဉ်(၂၀၂၅)နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၇) အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂ တွင် နိုင်ငံတော်သည်-(က)မိခင်နှင့်ကလေး သူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်။ (ခ) မသန်စွမ်းဖြစ်လာသော တပ်မတော်သားများကို သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အခမဲ့သင်ယူနိုင်စေရန် စီမံဆောင်ရွက်ရမည်" ဟူ၍ ပြဋ္ဌာန်းထားရှိသည်။

ထိုသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသကဲ့သို့ လက်တွေ့လုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိသည်။ မသန်စွမ်းမှုအဆင့်အလိုက် သတ်မှတ်၍ လိုအပ်သည့်ပံ့ပိုးမှုများ လုပ်ဆောင်ခြင်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ မသန်စွမ်းသူများ လျော့နည်းပပျောက်အောင် အမျိုးသားကျန်းမာရေးကော်မတီကဦးဆောင်၍ အမျိုးသားရေးအသွင်ဖြင့်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ အမျိုးသားကျန်းမာရေးကော်မတီအနေဖြင့် အာဟာရချို့တဲ့မှုကြောင့် မသန်စွမ်းသူကလေးများ မပေါ်ပေါက်ရေး၊ အိုင်အိုဒင်းဓာတ်ချို့တဲ့၍ဉာဏ်ရည်နိမ့်ကျသည့် ကလေးငယ်များ မပေါ်ပေါက်ရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မိခင်များ ကျန်းမာရေးအသိရှိအောင် ဆောင်ရွက်ပေးရေးသည် ကလေးများသန်မာ ဝဖြိုးရေးကို အထောက်အကူပြုသည်ဖြစ်ရာ မိခင်များ ကျန်းမာရေးအသိရှိအောင် လက်တွေ့ပြသခြင်း၊ ဟောပြောခြင်း ထောက်ပံ့ကူညီခြင်းများကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာကျောင်းတွင် ရင်သွေးငယ်များ အာဟာရချို့တဲ့မှုမရှိစေရေးအတွက် စေတနာရှင်များက အာဟာရဒါနလှူဒါန်းခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ မသန်စွမ်းလူငယ်များပပျောက်ရေးအတွက် ကျန်းမာရေးဆိုင်ရာက တတ်နိုင်သမျှဆောင်ရွက်ခြင်းဖြစ်သည်။

လူတိုင်းသည် မိမိတို့ဘဝ ရှင်သန်ရေးအတွက် လူမှုစီးပွားဘဝတွင် လှုပ်ရှားရုန်းကန်နေကြသူများဖြစ်ကြရာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနည်းပါးလှသည်ဟု ဆိုနိုင်သည်။မသန်စွမ်းဖြစ်ရခြင်းမှာ မွေးရာပါကလွဲလျှင် မိမိတို့၏သတိတစ်ချက်ကင်းလွတ်ချက်ကြောင့်ဖြစ်ရကြောင်း လေ့လာတွေ့ရှိရသည်။ လုပ်ငန်းခွင်တွင် မတော်တဆဖြစ်မှုမရှိအောင် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်း၊ ခရီးသွားလာသည့်အခါနှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်စည်းကမ်းကို အပြည့်အဝလိုက်နာခြင်း၊ ခရီးမသွားမီ မိမိ၏ယာဉ်အခြေအနေအား စစ်ဆေးခြင်း၊ ပြုပြင်ခြင်း အစရှိသဖြင့် သတိရှိရှိကြိုတင်ပြင်ဆင်မှု ရှိကြရမည်ဖြစ်သည်။ ထို့အတူ နေထိုင်စားသောက်မှု ချို့ယွင်းခြင်းကြောင့်လည်း မသန်စွမ်းမှုဖြစ်နိုင်ပေရာ အနေအထိုင်အစားအသောက်ကိုလည်း သတိဖြင့် နေထိုင်စားသောက်ကြရမည်ဖြစ်သည်။ မသန်စွမ်းသူများလျော့နည်းရေးကို ဆောင်ရွက်နေသကဲ့သို့ မသန်စွမ်းသူများကို ဖေးမကူညီဆောင်ရွက်ပေးနိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ အခန်း ၁၂ အရ မသန်စွမ်းသူများ အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ကတစ်ဆင့် လျှောက်ထားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်စေခြင်းဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်၍ နိုင်ငံတော်နှင့်ပြည်သူများအနေဖြင့် ထိရောက်သည့်ကူညီမှုများ ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပြည့်ပြည့်ဝဝထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေများ၊ မသန်စွမ်းအမျိုးသမီးများနှင့်ကလေးသူငယ်များ၊ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေး၊ တရားမျှတမှု၊ ရပိုင်ခွင့်၊ သုတေသနနှင့်စောင့်ကြည့်အကဲဖြတ်ရေးဆပ်ကော်မတီများကို ဖွဲ့စည်းထားရှိသည်။

မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ ကိုယ့်အားကိုယ်ကိုးကိုယ်ပိုင်လုပ်ငန်းများနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့်သင်တန်းများကို အခမဲ့သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း (ရန်ကုန်၊ မန္တလေး)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ နားမကြားကလေးများကျောင်း(ရန်ကုန်၊ မန္တလေး)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) စသည့် သင်တန်းကျောင်းများကို ဖွင့်လှစ်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းသူများ၏ အားမာန်များကို မြင်တွေ့ရမည်ဖြစ်သည်။ အားကစားတွင် မသန်စွမ်းသူများ၏ ပါဝင်ယှဉ်ပြိုင်မှုများမှာ မသန်သော်လည်း စွမ်းပါကြောင်း ပြသသည့်မြင်ကွင်းများမှာ ဂုဏ်ယူဖွယ်ကောင်းလှသည်။ အထူးသဖြင့် နိုင်ငံ့ဂုဏ်ဆောင်မသန်စွမ်းအားကစားသမားများ၏ စွမ်းဆောင်ချက်မှာ လေးစားချီးကျူးဖွယ်ကောင်းလှသည်။ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအနေဖြင့် ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၁၉ ခု စုစုပေါင်းဆု ၅၆ ဆု ဆွတ်ခူးနိုင်ခဲ့သည်မှာ ဂုဏ်ပြုချီးကျူးဖွယ်ဖြစ်သည်။

မြန်မာတိုင်းရင်းသားလူမျိုးများသည် သနားကြင်နာတတ်ကြပေရာ နေရာတိုင်းတွင် ကောင်းမွန်သည့်အလေ့အထများမြင်တွေ့ရသည်။ လမ်းလျှောက်သွားလာနေစဉ် မသန်စွမ်းသူတစ်စုံတစ်ယောက်ကို တွေ့မြင်ရလျှင် လမ်းဖြတ်ကူးစဉ် ဖေးမကူညီခြင်း၊ လက်တွဲခေါ်ဆောင်ခြင်း၊ မော်တော်ယာဉ်များပေါ်တွင် မသန်စွမ်းသူများကိုဦးစားပေးကာ နေရာထိုင်ခင်းပေးခြင်း၊ ဘုရားပုထိုးစေတီများ၊ အများအပန်းဖြေရာနေရာများတွင် မသန်စွမ်းသူများအတွက် သီးသန့်လမ်းကြောင်းများဖြင့်ထားရှိကာ ဦးစားပေးခြင်းစသည်တို့မှာ ချစ်စဖွယ်ကောင်းသည့်လုပ်ဆောင်ချက်များဖြစ်သည်။ အသက်ကြီးရင့်သူများမှာလည်း မသန်စွမ်းသူများဖြစ်ကြပေရာ ကြီးသူကို ရိုသေ၊ ငယ်သူကို သနား၊ ရွယ်တူကိုလေးစား ဆိုသည့်အတိုင်း လူမှုဆက်ဆံရေးနယ်ပယ်တွင် ကျင့်သုံးနေသည်မှာလည်းချစ်စရာကောင်းသည့်ဓလေ့ ဖြစ်သည်။

မသန်စွမ်းသူများကို ကမ္ဘာကအလေးထားသည့်အတွက် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့သတ်မှတ်ကာ မသန်စွမ်းသူများ၏လူမှုဘဝမြင့်မားရေး၊ စိတ်ချမ်းသာပျော်ရွှင်ရေး၊ နိုင်ငံ့တာဝန်များကို တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးခြင်းမှာ မသန်စွမ်းသူများအပေါ် သန်စွမ်းသူများက အလေးအနက်ထားခြင်းဖြစ်သည်။ ယခုနှစ်တွင် ကမ္ဘာ့နိုင်ငံအားလုံးက "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပကြမည်ဖြစ်သည်။ လူသားအားလုံးပါဝင်နိုင်သည့် ရေရှည်တည်တံ့သော ကမ္ဘာကိုဖန်တီးရာတွင် မသန်စွမ်းသူများ၏ပါဝင်နိုင်မှုကို အရေးကြီးကဏ္ဍအဖြစ် အဆိုပါဆောင်ပုဒ်က ညွှန်းဆိုခြင်းဖြစ်သည်။ မသန်စွမ်းသူများအနေဖြင့် မိမိတို့ဘဝကို တက်ကြွစွာပုံဖော်ကြရမည်ဖြစ်သလို နိုင်ငံတော်နှင့်ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ပုံဖော်ပေးကြရမည်ဖြစ်သည်။ လူအချင်းချင်းကဲ့ရဲ့ခြင်း၊ အထင်သေးခြင်း၊ ဆင်းရဲလိုခြင်းများကင်းပျောက်ပြီး မသန်စွမ်းသူများကို အလေးအနက်ထား လက်တွဲကူညီကြရန် ဂုဏ်ပြုရေးသားအပ်ပါသည်။

**❖လူ့ဘဝကိုရလာသူ လူသားအချင်းချင်း မသန်စွမ်းသူကို သန်စွမ်းသူများက ကူညီမှုပြုကြရမည်ဖြစ်သည်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ချို့ယွင်းခြင်း၊ အကြားအမြင်ချို့ယွင်းခြင်းမှသည် သာမန်လူများကဲ့သို့ စွမ်းဆောင်ရည်နည်းပါးသူတို့မှာ မသန်စွမ်းသူများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်သည်ဟု လေ့လာတွေ့ရှိချက်အရ သိရသည်။ ကမ္ဘာပေါ်တွင်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူဦးရေဖြစ်ကြောင်း ဖော်ပြထားသည်။ မသန်စွမ်းသူများနှင့်ပတ်သက်သော အရေးအရာကိစ္စများသည် နိုင်ငံတိုင်းအတွက် အလေးအနက်ထားရမည့် လူ့အခွင့်အရေးများဖြစ်သည်။❖**

# COP29ရလဒ်များနှင့် တောင်အာရှနိုင်ငံများ၏ စိုးရိမ်ပူပန်မှုများ

မောင်စိန်အိ(နဘဲမြေ)

ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်မှကိုယ်စားလှယ်များသည် ယခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်ထိ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ပြုလုပ်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ COP29 သို့တက်ရောက်ခဲ့ကြသည်။ အစိုးရများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို မည်သို့မည်ပုံ ဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

လေထုအရည်အသွေး AQI အဆင့်သည် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မကြုံစဖူးသောအခြေအနေသို့ရောက်ရှိနေပြီဖြစ်သည်။ နယူးဒေလီမြို့ရှိလေထုအရည်အသွေးသည် AQI အဆင့်သတ်မှတ်ချက် ၄၇၄ ထိရောက်ရှိနေပြီး ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင်လည်း လေထုအရည်အသွေးကျဆင်းလျက်ရှိရာ မြို့အတော်များများတွင် စာသင်ကျောင်းများ ပိတ်ထားရသည်။ AQI သတ်မှတ်ချက်အရ အညွှန်းကိန်း သုည မှ 50 သည် လေထုအရည်အသွေးကောင်းမွန်ပြီး အညွှန်းကိန်း 50 မှ 100 သည် အသင့်အတင့်သာကောင်းမွန်သည်။ AQI သတ်မှတ်ချက်အညွှန်းကိန်း 100 ကျော်လာပြီဆိုလျှင် ကျန်းမာရေးထိခိုက်နိုင်ပါသည်။

တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုကြောင့်ထိခိုက်နေသည့် ဒေသများအနက်မှတစ်ခုပင်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာပူနွေးလာမှုသည် ဟိမဝန္တာတောင်တန်းဒေသမှရေခဲတောင်များအရည်ပျော်လာသဖြင့် အိန္ဒုမြစ်နှင့် ဗြဟ္မပုတ္တရမြစ်ဝှမ်းဒေသတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာလျက်ရှိသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ကုန်းမြေသည် တဖြည်းဖြည်း ရေနစ်မြုပ်လာလျက်ရှိသည်။ ကမ္ဘာ့အန္တရာယ်ညွှန်းကိန်း ၂၀၂၃ အရ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုနှင့်ဆက်စပ်သောဘေးအန္တရာယ်များ ကျရောက်နိုင်မှုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဆင့် ၉ နေရာ၌ ရပ်တည်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ၂၀၅၀ ပြည့်နှစ်တွင် တိုင်းပြည်မြေဧရိယာ၏ ၁၇ ရာခိုင်နှုန်းခန့်ရေနစ်မြုပ်ခံရဖွယ်ရှိပြီး စိုက်ပျိုးမြေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်သည် ခြိမ်းခြောက်ခံရလျက်ရှိသည်။

ကမ္ဘာဘဏ်၏အဆိုအရ တောင်အာရှဒေသရှိ ပြည်သူ သန်း ၇၅၀ ခန့်သည် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်ကာလအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန အကြံပေးဖြစ်သူ ဆေးဒါရီဇာဝါနာက ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုနှစ်ခုသည် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိခဲ့ပြီး အမျိုးသားကာကွယ်ရေးဘတ်ဂျက်၏ ၁ ဒသမ ၈ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း ပြောဆိုသွားခဲ့သည်။

ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုခံစားနေရသည့် တောင်အာရှနိုင်ငံများသည် ဘာကူမြို့၌ပြုလုပ်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆွေးနွေးပွဲ၏ရလဒ်ကို စိတ်အားထက်သန်စွာစောင့်ဆိုင်းနေခဲ့ကြသည်။ COP29 ဆွေးနွေးပွဲ၌ ကမ္ဘာ့နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ၂၀၃၅ ခုနှစ်အထိ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံရန်ပုံငွေထူထောင်သွားရန် သဘောတူညီခဲ့ကြသည်။ ၂၀၀၉ ခုနှစ်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရန်ပုံငွေထူထောင်ရန် ကတိကဝတ်ပြုထားခဲ့ရာမှ ထိုသို့တိုးမြှင့်သွားရန်သဘောတူညီခဲ့ခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာရန်ပုံငွေသည် သုံးဆမြင့်တက်လာခဲ့စေကာမူ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော်လည်းရာသီဥတုပြဿနာခံစားနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများက ရာသီဥတုပြောင်းလဲမှုလျှော့ချရေးရန်ပုံငွေအပေါ် မကျေမနပ်ဖြစ်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် ချမ်းသာသောနိုင်ငံများထံမှ နှစ်စဉ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံရှာဖွေလျက်ရှိသည်။ အကြောင်းမူကား ၎င်းတို့အနေဖြင့် သန့်ရှင်းသောစွမ်းအင်ကူးပြောင်းမှုတွင် ကုန်ကျစရိတ်များပြားလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံက ရာသီဥတုပြောင်းလဲမှုလျှော့ချရေးရန်ပုံငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံများရင်ဆိုင်နေရသောစိန်ခေါ်မှုများဖြေရှင်းရန်ပမာဏလွန်စွာနည်းပါးလျက်




ရှိသည်။ အိန္ဒိယကိုယ်စားလှယ်အဖွဲ့က ဓနအင်အားကြွယ်ဝသောနိုင်ငံများမှ ကတိကဝတ်ပြုထားသော အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် လွန်စွာနည်းပါးလျက်ရှိကြောင်း အလေးထားပြောကြားသွားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကျောက်မီးသွေးအပေါ်အလွန်မှီခိုရလျက်ရှိပြီး လျှပ်စစ်ထုတ်လုပ်မှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ကျောက်မီးသွေးအသုံးပြုခြင်းမှကူးပြောင်းခြင်းသည် ဘဏ္ဍာရေးအရင်းအမြစ်အပြင် အဆိုပါကဏ္ဍတွင်အလုပ်ပေးထားသော လူသန်းပေါင်းများစွာအတွက် လူမှုလုံခြုံရေးနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့လည်း လိုအပ်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအထောက်အကူများ လိုအပ်လျက်ရှိသည်။

ဘာကူညီလာခံ၌ တောင်အာရှနိုင်ငံများသည် ၎င်းတို့ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကို တင်ပြဆွေးနွေးခဲ့သည်။ ဘူတန်နိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှုမရှိကြောင်း မီးမောင်းထိုးဆွေးနွေးကာ လိုက်လျောညီထွေလုပ်ငန်းစဉ်များ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေအရင်းအမြစ်များအန္တရာယ်ဖြေရှင်းရေးအတွက် နိုင်ငံတကာ၏အထောက်အပံ့များရှာဖွေခဲ့သည်။

ရေခဲတောင်များအရည်ပျော်မှု၊ ပုံမှန်မဟုတ်သောမိုးရွာသွန်းမှုများနှင့် ရုန်းကန်ရင်ဆိုင်နေရသော နီပေါနိုင်ငံသည် ဟိမဝန္တာတောင်တန်းနိုင်ငံများအပေါ် ရာသီဥတုပြောင်းလဲမှု၏ အချိုးမညီသက်ရောက်မှုများကို ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှုရရှိရေးအတွက် တိုက်တွန်းခဲ့ပြီး ရာသီဥတုဒဏ်ခံစီမံကိန်းများအတွက် ရန်ပုံငွေရှာဖွေခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ခြောက်သွေ့မှုများ၊ ရေကြီးရေလျှံမှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ မအောင်မမြင်ဖြစ်နေရမှုနှင့် ရုန်းကန်နေရမှုများကိုဆွေးနွေးခဲ့သည်။ မော်လ်ဒိုက်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေနေထိုင်နိုင်ရေးအတွက် နိုင်ငံတကာပံ့ပိုးရေးရန်ပုံငွေတောင်းခံခဲ့ပြီး ကျွန်းနိုင်ငံငယ်များအပေါ် ရာသီဥတုပြောင်းလဲမှု၏ အချိုးမညီသက်ရောက်မှုများကို အလေးထားဆွေးနွေးခဲ့သည်။ တောင်အာရှဒေသမှ ကျွမ်းကျင်ပညာရှင်များသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် ရန်ပုံငွေပေးအပ်ရေးတို့အတွက် ချမ်းသာသောနိုင်ငံများ၏ကတိကဝတ်များ စောင့်ထိန်းမှုနှင့်စပ်လျဉ်း၍လည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ဒါကာနိုင်ငံအခြေစိုက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုဌာနမှ အမှုဆောင်အရာရှိ ရှန်ဆွတ်ဒိုဟာက ဖွံ့ဖြိုးပြီးနိုင်ငံများသည်ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန် ငြင်းဆန်ခဲ့ကြောင်း၊ နိုင်ငံပေါင်းစုံမှဖွံ့ဖြိုးမှုဘဏ်များနှင့် အခြားသောပုဂ္ဂလိကကဏ္ဍများကို ရာသီဥတုပြောင်းလဲမှုရန်ပုံငွေစုဆောင်းရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ၎င်းငွေများသည် ချေးငွေများသာဖြစ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးမှုနှင့်ပျက်စီးမှုများအပြင် နစ်နာမှုများကိုလည်း တာဝန်ယူရန် ငြင်းဆန်လေ့ရှိကြောင်း ပြောကြားသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရာသီဥတုကျွမ်းကျင်ပညာရှင် ဇာကီယာဟိုဆီယန်ခန်းက COP29 ၏ အလေးထားမှုသည် ချေးငွေတိုးမြှင့်ရေးသာဖြစ်ကြောင်း၊ ဤနည်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကြွေးသံသရာလည်နေမည်ဖြစ်ကြောင်း၊ ဘာကူသဘောတူညီချက်တွင် ကြွေးမြီသက်သာရေးအတွက်ဖော်ပြထားခြင်းမရှိဘဲ အကြွေးကိုသာဆက်လက်တင်ရှိစေမည်ဖြစ်ကြောင်း၊ ချေးငွေရယူရေးကိုသာ တိုက်တွန်းနေကြောင်း၊ ထိုသို့ချဉ်းကပ်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိပြည်သူများကို ဆင်းရဲမှုသတ်မှတ်မျဉ်းအောက်ရောက်ရှိရန် ဖိအားပေးခြင်းဖြစ်ကြောင်းနှင့် အကြွေးထောင်ချောက်အတွင်းသို့ဆင်းသက်စေမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိုလိုနီဝါဒပင်ဖြစ်ကြောင်း၊ စွမ်းအင်ကူးပြောင်းမှုရန်ပုံငွေသည် အပိုဆောင်းဖြစ်သင့်ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုရန်ပုံငွေကို ချေးငွေထုတ်ပေးသည်ထက် ပံ့ပိုးငွေအဖြစ်ပေးအပ်သင့်ကြောင်း ပြောကြားသွားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ရာသီဥတုကြောင့်ဖြစ်ပေါ်ခဲ့သည့်ပျက်စီးဆုံးရှုံးမှုများကို ချက်ချင်းဖြေရှင်းသွားရန်လိုအပ်ချက်ကို ဆွေးနွေးသွားခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ပြည်သူ ၇ ဒသမ ၉ သန်းအိမ်ခြေရာမဲ့ဖြစ်ခဲ့ပြီးပြည်သူ ၃၃ သန်းခန့် ဘေးဒုက္ခရောက်ခဲ့သောကြောင့် စီးပွားရေးဆုံးရှုံးမှုအမေရိကန်ဒေါ်လာ ၃၀ ဘီလီယံခန့်ရှိခဲ့သည်။

COP29 သည် ပျက်စီးဆုံးရှုံးမှုရန်ပုံငွေလည်ပတ်ရေးကိုထပ်လောင်းအတည်ပြုခဲ့သော်လည်း စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေဖြည့်ဆည်းမှုတို့နှင့်စပ်လျဉ်း၍ ယန္တရားများ၏လည်ပတ်မှုအပေါ် မေးခွန်းများထွက်ပေါ်လျက်ရှိသည်။ ပံ့ပိုးရေးရန်ပုံငွေသည် လူမှုအသိုက်အဝန်းများသို့ ချက်ချင်းရောက်ရှိရန်နှင့် ကြိုးနီစနစ်အောက်တွင် ကြန့်ကြာနေမှု မဖြစ်ပေါ်စေရန် ပါကစ္စတန်ရေကြီးရေလျှံမှုက သတိပေးလျက်ရှိသည်။

COP29 ၌ သဘောတူညီချက်များသည် နယ်စပ်ဖြတ်ကျော်ရေစီမံခန့်ခွဲမှုအတွက်လည်း ဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ရေးစီမံခန့်ခွဲမှုသည် တောင်အာရှနိုင်ငံအတွက် အရေးကြီးသောပြဿနာပင်ဖြစ်သည်။ ဟိမဝန္တာဒေသရှိ ရေခဲတောင်များအရည်ပျော်လာမှုနှင့်အတူ သန်းပေါင်းများစွာသောပြည်သူများ၏ ရေလုံခြုံရေးသည် အလွန်အမင်းခြိမ်းခြောက်ခံရလျက်ရှိသည်။ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုသည် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများကြောင့် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ ဥပမာအနေဖြင့် ရာသီဥတုဆိုင်ရာဖိအားသည် အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား အိန္ဒုမြစ်ရေ ခွဲဝေသုံးစွဲရေးစာချုပ် လက်မှတ်ရေးထိုးခဲ့ရသည်။ ဆိုရလျှင် COP29 ၌ နယ်စပ်ဖြတ်ကျော် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပေ။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသောရွှေ့ပြောင်းနေထိုင်မှုသည်လည်း အခြားစိုးရိမ်ပူပန်စရာတစ်ခုပင်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ သဲကန္တာရများဖြစ်လာခြင်းနှင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များသည် တောင်အာရှဒေသရှိ ပြည်သူသန်းပေါင်းများစွာကို ပြန်လည်နေရာချထားရန် ဖိအားဖြစ်စေလျက်ရှိသည်။ ဆိုရလျှင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုသည် ပင်လယ်ကမ်းခြေဒေသမှ မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်မှုများသိသိသာသာဖြစ်ပေါ်စေလျက်ရှိသည်။

အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ COP29 ၌ တိုးတက်မှုအချို့ရှိခဲ့သော်လည်း စိန်ခေါ်မှုများစွာသည် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။ ချည်နှောင်ထားသော ကတိကဝတ်များအပေါ် ဖွံ့ဖြိုးပြီးကမ္ဘာကြီး၏လိုက်နာရန်ပျက်ကွက်မှုနှင့် အရေးယူဆောင်ရွက်သည့် ယန္တရားများ၏ပျက်ကွက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ယုံကြည်မှုလျော့ကြလာလျက်ရှိသည်။ ရှေ့သို့ချီတက်မည့်လမ်းသည် မသေချာမရေရာမှုများရှိနေပြီး ခိုင်မာအားကောင်းသော တာဝန်ယူမှုတာဝန်ခံမှုနှင့် ပိုမိုပြီးပြည့်စုံသော ချဉ်းကပ်ဆောင်ရွက်မှုမရှိလျှင် အနာဂတ်တွင် တောင်အာရှဒေသ၏ ရာသီဥတုပြောင်းလဲမှုအပေါ်ကြံ့ကြံ့ခံနိုင်မှုသည် မရေရာမသေချာမှုများ ဆက်လက်တည်ရှိနေမည်ဖြစ်ပေသည်။

**ကိုးကား**

- **COP29 Outcomes and South Asian Concerns By The Diplomat.**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၅၀၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၅၀၁၉ ဧကထိစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၅၁၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၅၁၁၄ ဧကစိုက်ပျိုးနိုင်ဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်းသီး၊ မုန်လာ၊ တိုင်ထောင်ပဲ စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာတွေပေးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာ သင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကိုကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံ ဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရန် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ပြည်မြို့နယ် အရှေ့ပေါက်တောကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြည် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် အရှေ့ပေါက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ အရှေ့ပေါက်တောကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့်ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ရွာတွင်းလမ်းနှင့် ရေသန့်စင်စက်ကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပြည်မြို့နယ် အရှေ့ပေါက်တောကျေးရွာ၌ လမ်းအရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၃ သန်း အသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူပြီး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်





















## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ပပ(၂၇)နေ ဦးထွန်းဝင်း၏ဇနီး ကွယ်လွန်သူ ဒေါ်တင်တင်မိုး (ခ) ဒေါ်မိုးမိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်တင်တင်မိုး(ခ)ဒေါ်မိုးမိုး
(၉/ရမသ(နိုင်)၀၀၁၇၁၈)

## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၂၈)၊ သံလျက်မှော် အရှေ့ရပ်နေ ဒေါ်အေးစွမ်း (ဘ)ဦးအိုက်ဆိုက် (၁၃/လရန(နိုင်)၀၃၂၉၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-142802)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀၀၂၇၇၂

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**







## ကြော်ငြာစာ

၁။ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည်(၅၀၇/ရွှေးစုမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၂၂)၊ ဧရိယာ(၁.၅၀) ဧကရှိ မြေနေရာအား ဒေါ်မိမိအေး၊ ၉/ပဥလ(ပြု)၀၀၀၀၅၃ အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁.၉.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၄/၃၁-၅/ဦး ၁(အထဥ)(၅၅၃၁)အရလည်းကောင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၂၀)၊ ဧရိယာ(၁.၀၁)ဧကရှိ မြေနေရာအား ဒေါ်တင်မိုးကျော်၊ ၉/မရမ(နိုင်)၀၈၈၁၇၉ အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃.၈.၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၄/၃၁-၅/ဦး ၁(အထဥ)(၅၁၈၄) အရလည်းကောင်း မြေကွက်ချထားပေးမိန့်အား ထုတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ ဒေါ်မိမိအေး၊ ၉/ပဥလ(ပြု)၀၀၀၀၅၃ အမည်ဖြင့် မြေကွက်ချထားပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေကွက်ချထားမိန့် ပြန်လည်ထုတ်ပေးခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

- ❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...
- ❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...
- ❖ တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...
- ❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...
- ❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားတွင် မသန်စွမ်းကလေးများ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II)၌ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ကြေညာချက်** စာမျက်နှာ - ၂၂

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်** စာမျက်နှာ - ၂၃

**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများကို ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ** စာမျက်နှာ - ၂၄

